# Voice of Burma

*Published by Voice of Burma Information Group Issue No. 739, DECEMBER 6, 2009*



**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**


# ဒေါ်စု အမှု ပြင်ဆင်ချက်လက်ခံရေး ဗဟိုတရားရုံးက စဉ်းစားမည်ဆို

**VOA၊ ဒီဇင်ဘာ ၄။** ။ နေအိမ်မှာ အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်လွှာကို မြန်မာနိုင်ငံဗဟိုတရားရုံးကနေ လက်ခံသင့်မသင့် ကြားနာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီလိုဆုံးဖြတ်တာဟာ နိုင်ငံရေးအရ အပြန်အလှန်ဆွေးနွေးပြောဆိုဖို့အတွက် တိုးတက်တဲ့ လက္ခဏာတရပ်လို့တော့ မမြင်တဲ့အကြောင်းကို ရှေ့နေကြီးဦးညွှန့်ဝင်းက VOA ကို ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေတွေဘက်က တင်သွင်းခဲ့တဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားချက်ကို မြန်မာနိုင်ငံဗဟိုတရားရုံးချုပ်ကနေ ပထမအဆင့်အနေနဲ့ လက်ခံသင့်မသင့်ဆိုတာ ဆုံးဖြတ်ဖို့ ဒီဇင်ဘာ ၂၁ ရက်ကို ရုံးချိန်းပေးခဲ့တာဖြစ်ပါတယ်။ ဒီအခြေအနေအသေးစိတ်ကို ရှေ့နေကြီးဦးညွှန့်ဝင်းက အခုလို ရှင်းပြပါတယ်။

"ဒီနေ့ တရားရုံးချုပ်က သူ့လုပ်ထုံးလုပ်နည်းပေ့ါ။ Notice Board မှာ အမှုစရင်းတွေပေါ်တယ်၊ အမှုစာရင်းတွေဆိုတာ ဒေါ်စု အမှုတင်မဟုတ်ဘူး၊ ကျန်တဲ့အမှုတွေပါ အားလုံးအမှုစာရင်းပေ့ါ၊ ပေါ်တော့ ၁၂ လပိုင်း ၂၁ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် အတွက် တင်ထားတဲ့အမှုကို လက်ခံသင့်မသင့်ကြားနာမယ်ဆိုပြီးတော့ ပေါ်တယ်၊ အဓိပ္ပါယ်က ကျနော်တို့တင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ကြားနာမယ်၊ အမှုကိုလက်ခံသင့်လား၊ လက်မခံသင့်ဘူးလား၊ ဆုံးဖြတ်မယ်၊ လက်ခံတယ်ဆိုတဲ့စကားလုံးက မသုံးနိုင်သေးဘူးလို့ ကျနော်တို့ယူဆပါတယ်၊ ကျနော်တို့အမှုကိုလုပ်တယ်၊ အဲဒီ လုပ်တဲ့အမှုကို ၂၁ ရက်နေ့မှာ လက်ခံသင့် မသင့်ကြားနာမယ်လို့ အဓိပ္ပါယ်အားဖြင့် အဲဒီအတိုင်းရှိပါတယ်။ အဲဒီတော့ ၂၁ ရက်နေ့မှာ အန်ကယ်တို့ လျှောက်လဲချက်ပေးရမှာပေ့ါ၊ အဲဒီလျှောက်လဲချက်ပြီးရင် များသောအားဖြင့် အဲဒီနေ့ညနေပိုင်းမှာပဲ လက်ခံသည် လက်မခံသည်ဆိုတာ အမိန့်ထွက်လာတယ်"။

ဒ့ါအပြင် အဲဒီပြင်ဆင်မှုလျှောက်ထားချက် တင်သွင်းရမယ့်နေ့ကျရင် သူ့ရဲ့အကျိုးဆောင်ရှေ့နေတွေဘက်က အဓိက ထုချေလျှောက်လဲမယ့် အချက်နဲ့ ပတ်သက်လို့လည်း ဦးညွှန့်ဝင်းက အခုလိုပြောပြပါတယ်။

"ကျနော်တို့လျှောက်လဲမယ့်အချက်ကို ပြောမှာက ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီးတော့ အရေးယူခဲ့တဲ့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကမရှိတော့ဘူးလို့ တိုင်းရုံးက သဘောထုတယ်၊ အဲဒီလို မရှိတော့ဘူးဆိုရင် အဲဒီလို ဥပဒေပါပုဒ်မတွေကို ကိုင်တွယ်အသုံးပြုပြီးတော့ ထိန်းသိမ်းထားတာရော အဲဒီလိုထိန်းသိမ်းမှုကို ဖောက်ဖျက်တယ်ဆိုပြီးတော့ အခုပုဒ်မ ၂၂ နဲ့စွဲဆိုမှုရောက မရှိတော့ဘူး၊ အလိုအလျှောက် ဒါတွေဟာ ပျက်ပြယ်ပြီ၊ ဥပဒေအချက်အလက်အားဖြင့် ကျနော်တို့ဒါကို အဓိကလျှောက်လဲမှာပါ"။

အခုလို ရှေ့နေတွေဘက်က တင်သွင်းမယ့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်ထားချက်တွေဟာ ဥပဒေအရ မှန်ကန်မှုရှိတဲ့အတွက်လည်း ဗဟိုတရားရုံးချုပ်အနေနဲ့ ဒီအမှုကို လက်ခံလိမ့်မယ်လို့ မျှော်လင့်ထားတဲ့အကြောင်းလည်း ရှေ့နေကြီးဦးညွှန့်ဝင်းကပြောပါတယ်။ တကယ်လို့သာ ဗဟိုတရားရုံးချုပ်ဘက်က ဒီအမှုကိုလက်ခံဖို့ ပယ်ချခဲ့မယ်ဆိုရင်လည်း ဥပဒေပြဋ္ဌာန်းချက်အရ အထူးအယူခံဝင်ဖို့ လျှောက်ထားရမှာဖြစ်တယ်လို့လည်း ရှင်းပြခဲ့ပါတယ်။ အဲဒီလို ဗဟိုတရားရုံးချုပ်မှာ လျှောက်ထားရမယ့် အချက်တွေကို ပြင်ဆင်ပြီးရင်တော့ ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်က အတည်ပြုပေးရမှာမို့ တွေ့ခွင့်ကို အာဏာပိုင်တွေ ဆီမှာ ထပ်မံတောင်းခံဖို့ရှိတယ်လို့လည်းဆိုပါတယ်။

အခုလို ဗဟိုတရားရုံးချုပ်ကနေ လက်ခံသင့်မသင့် ဆုံးဖြတ်ဖို့သဘောတူခဲ့တာ၊ မကြာသေးခင်က လပိုင်းတွေကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ စာရေးတောင်းဆိုချက်တချို့ကို စစ်အစိုးရဘက်က လိုက်လျောခဲ့တာတွေရှိခဲ့တာတွေရှိတော့ ဒါဟာ နိုင်ငံရေးအရ အပြန်အလှန်ဆွေးနွေးဖို့အတွက် တိုးတက်တဲ့ လက္ခဏာတရပ်လို့ မြင်ပါသလားဆိုတာကိုတော့ ရှေ့နေကြီးဦးညွှန့်ဝင်းက အခုလိုပြောပါတယ်။

"ကျနော်အမြင်ကတော့ လုံးဝမသက်ဆိုင်ဘူးဗျ၊ ဒါက အခုလိုအမှုပေါ်တဲ့ ဘယ်နေ့မှာ ကြားနာတယ်၊ ဘယ်နေ့မှာ ကြားနာသင့် မသင့်လက်ခံမယ်ဆိုတာတွေက ဒါဟာ တရားရုံးချုပ်ရဲ့ ပုံမှန်လုပ်ထုံးလုပ်

**စာမျက်နှာ ၈ သို့**

**အီးယူ ဥရောပခေါင်းဆောင်တွေ နအဖစစ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်**

**စာမျက်နှာ ၃**

**နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှုအမှုတွဲ ရုံးထုတ်စစ်ဆေး**

**စာမျက်နှာ ၄**

**လင်းလက်ကြယ်အဖွဲ့ လူငယ်များအပါအဝင် ဂျာနယ်အယ်ဒီတာများ လွတ်ပြီ**

**စာမျက်နှာ ၈**

**နအဖစစ်အုပ်စုကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတင်နိုင်ရန် ကြိုးစား**

**စာမျက်နှာ ၁၄**

**ကုလအရာရှိရဲ့ ပြောဆိုချက်အပေါ် အန်ဒီအက်ဖ်က ကြေညာချက် ထုတ်ပြန်**

**စာမျက်နှာ ၁၆**

VOB အာဘော်

# ချဉ်းကပ်မှုမတူခြင်းနှင့် တိုးတက်မှုမမြင်ရသေးခြင်း

ဘာရက်အိုဘားမားဦးဆောင်သည့် အမေရိကန်အစိုးရသစ်ပေါ်ထွန်းလာကတည်းက မြန်မာပြည်ဆိုင်ရာ အမေရိကန်မူဝါဒကိုပြောင်းလဲမည်ဟူသော အသံများထွက်ပေါ်လာခဲ့သည်။ စက်တင်ဘာလအတွင်း အမေရိကန် အရာရှိများနှင့် နအဖထိပ်တန်းအရာရှိများအကြား ဆွေးနွေးမှုများစတင်ဖြစ်ပေါ်ခဲ့ပြီး နှစ်ဘက်အကြားဆက်ဆံရေး တိုးတက်လာမည့်မျှော်လင့်ချက်များမြင့်မားလာခဲ့သည်။ နအဖသတင်းစာများတွင် နှစ် ဘက်အကြားဆက်ဆံရေးနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့်ရေးသားချက်များကို ဖော်ပြခဲ့သည်။ အမေရိကန်ကလည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယခင်အစိုးရနှင့်ခြားနားသောချဉ်းကပ်မှုများကိုသုံးကာ ပေါ်လစီပြောင်းလဲရန်စဉ်းစားသုံးသပ်နေပြီဟုဆိုသည်။

အမေရိကန်အရာရှိတချို့မြန်မာပြည်သို့သွားခဲ့သည်၊ နအဖထိပ်တန်းအရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအင်အားစုများနှင့် တွေ့ခဲ့သည်။ အမေရိကန်နှင့် နအဖတို့အကြားသိသာတိုးတက်သည့် ဆက်ဆံရေးပေါ်ထွက် လာပြီဟု ရှုမြင်သူများရှိသည်။ ပြစ်ဒဏ်ခတ်အရေးယူမှုများဖြင့် မြန်မာပြည်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲခြင်းကို ဖော်ဆောင်၍မအောင်မြင်ဟု အိုဘားမားအစိုးရက သုံးသပ်သည်။

နအဖကလည်း ပြစ်ဒဏ်ခတ်အရေးယူမှုများကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်လုပ်ဆောင်၍မရဟု ဆိုသည်။ နှစ်ဘက်စလုံးက ပြစ်ဒဏ်ခတ်အရေးယူမှုဟူသော စကားရပ်ကို ၎င်းတို့အလိုရှိသောရလဒ်ထွက်ပေါ်နိုင်ရေးအတွက် လုပ်ဆောင်လာကြသည်။

အမေရိကန်က ပြစ်ဒဏ်ခတ်အရေးယူမှုနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နအဖက ပြစ်ဒဏ်ခတ်အရေးယူမှုနှင့် စီးပွားရေးတိုးတက်ရေးတို့သည် နီးစပ် မယောင်နှင့်ကွာဟနေသည်။ ထို့ကြောင့် အမေရိကန်ကိုယ်စားလှယ် မြန်မာပြည်သွားရောက်ခဲ့သည်မှာ တလပြည့်မြောက်လာခဲ့ပြီဖြစ်သော်လည်း နောက်ဆက်တွဲအရေး ယူဆောင်ရွက်ချက်တခုခုသော်လည်းကောင်း၊ သိသာထင်ရှားသည့် တိုးတက်မှုတခုခုသော်လည်းကောင်း ထွက်ပေါ်လာခြင်းမရှိသည်ကိုတွေ့ရသည်။

နအဖစစ်အာဏာရှင်များက ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာအကောင်အထည်ဖော်လုပ်ဆောင်နိုင်လျှင် နိုင်ငံတကာ၏ထောက်ခံမှုကိုရရှိပြီး လက်ရှိ ကြုံနေရသည့်နိုင်ငံရေးအကျပ်အတည်းကိုကျော်လွှားနိုင်ကာ အာဏာဆက်လက်ချုပ်ကိုင်နိုင်မည်၊ နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုလက်ခံမည်ဟု တွက်ဆလုပ်ကိုင်နေသည်။ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံရေးအာဏာကိုလွှဲပြောင်းမှုအတွက်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပဓာနကျသော ခြေလှမ်း တလှမ်းဖြစ်သော်လည်း မြန်မာပြည်၏လက်ရှိဖြစ်ပျက်နေသောအခြေအနေနှင့် ချိန်ထိုးကြည့်လျှင် ကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၌ စစ်မှန် သော ဒီမိုကရေစီထွန်းကားရေးထက် စစ်တပ်ကကြီးစိုးချယ်လှယ်နိုင်သည့် ဒီမိုကရေစီအရေခြုံ နိုင်ငံရေးစနစ်ကိုသာပေါ်ထွန်းစေမည်မှာ ရှင်းလင်းစွာမြင်နိုင်သည့် အချက်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရေး၊ ဒီမိုကရေစီထွန်းကားရေး အတွက် ရိုးသားစစ်မှန်စွာဖြင့်လုပ်ဆောင်နေသူများ၊ အဖွဲ့အစည်းများက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်နေသည့် ဒီမိုကရေစီနှင့် ဖီလာဆန့်ကျင်ဖြစ်နေ သောအချက်များကိုသုံးသပ်ပြင်ဆင်ရေးအတွက် တောင်းဆိုနေကြခြင်းဖြစ်သည်။

ပြည်တွင်းအင်အားစုများ၏သဘောဆန္ဒကို လျစ်လျူရှုပြီး နိုင်ငံတကာ၏ထောက်ခံမှုကိုရရန်ကိုသာ နအဖကကြိုးပမ်းနေပါက မြန်မာ့နိုင်ငံရေးအကျပ်အတည်း ကို ဆေးမြီးတိုဖြင့်ကုစားနေသည့်အဖြစ်ကိုရောက်ရှိမည်သာဖြစ်ပေသည်။ ထို့ကြောင့် စစ်အာဏာရှင်များအနေဖြင့် မြန်မာပြည်သူပြည်သားများအကျိုးနှင့် အနာဂတ် မြန်မာနိုင်ငံအကျိုးအတွက် ပြည်တွင်းအင်အားစုများ၏ပူးပေါင်းဆောင်ရွက်မှုရရှိရေး၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပံ့ပိုးမှုများရရှိရေးအတွက် ရိုးသားစစ်မှန်စွာဖြင့် လုပ်ဆောင်ရန်လိုအပ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင်စာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်

**VOA၊ ဒီဇင်ဘာ ၂။** ။ နေအိမ်မှာအကျယ်ချုပ်နဲ့ထိန်းသိမ်းခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်ပြည် ထောင်စု Fore ign Policy မဂ္ဂဇင်းက ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင် ၁၀၀ စာရင်းထဲမှာ ထည့်သွင်းရွေးချယ်လိုက်ပါတယ်။

ဗုဒ္ဓဘာသာငြိမ်းချမ်းရေးအခြေခံမူနဲ့အတူ အကြမ်းမဖက် စိတ်ဓာတ်ခိုင်မာမှုတိုက်ပွဲတွေနဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စံပြရပ်တည်ချက်တွေကြောင့် အခုလို ဂုဏ်ပြုတာဖြစ်တယ်လို့ ပြောလိုက်ပါတယ်။ မြန်မာပြည်သူလူထုအတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ အမှောင်ထုအတွင်းက မျှော်လင့်ချက်တွေကို ရှင်သန်နေစေတဲ့ သင်္ကေတတခုဖြစ်တယ်လို့ အမေရိကန် Fore ign Policy မဂ္ဂဇင်းက တင်စားသုံးနှုန်းလိုက်ပြီး အခုလို ကမ္ဘာ့ထိပ်တန်းတွေးခေါ် ပညာရှင် ၁၀၀ စာရင်းထဲမှာ ထည့်သွင်းဖော်ပြလိုက်တာဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဘာသာရေးအပြင် ပညာရေးလိုကဏ္ဍ မျိုးတွေမှာပါမကျန် ထိပ်တန်းတွေးခေါ်ရှင်တွေကို ရွေးချယ်ဂုဏ်ပြုတဲ့အထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ၂၆ ယောက်မြောက် စာရင်းထဲမှာထည့်သွင်းချီးမြှင့်ထားပါတယ်။ ငြိမ်းချမ်းတဲ့ဗုဒ္ဓဘာသာတရားတော်ရဲ့ အခြေခံမူနဲ့အတူ မဟတ္တမဂန္ဒီရဲ့ အကြမ်းမဖက်တိုက်ပွဲဝင်တဲ့ ရည်တည်ချက်တွေကို ဒေါ်အောင်ဆန်းစုကြည်က စိတ်ရဲ့ခွန်အားတွေအဖြစ်သုံးပြီး ၁၉၉၀ ရွေးကောက်ပွဲ ယှဉ်ပြိုင်အနိုင်ရခဲ့ပုံတွေ၊ ထင်ရှားလှတဲ့ လူထုမိန့်ခွန်းတွေအပြင် ၁၄ နှစ်ကျော်နေအိမ်အကျယ်ချုပ်ကာလတွေကိုလည်း ဖော်ပြထားပါတယ်။

အပြောင်းအလဲလှည့်ကွက်တွေနဲ့ အမျိုးမျိုးသောအကျပ်အတည်းတွေကြားမှ လူထုကိုကြောက်ရွံ့ခြင်းမှ ကင်းဝေးစေဖို့ ၁၉၉၀ ခုနှစ်များအတွင်းက Revolution of the Spirit လို့ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာအယူအဆတွေအပြင် အကြောက်တရားဟာ နေ့စဉ်ခွဲထုတ်လို့မရတဲ့ အစိတ်အပိုင်းတခုဆိုတဲ့ ထင်ရှားတဲ့ မိန့်ခွန်းတွေကြောင့် အခုလို ဂုဏ်ပြုချီးမြှင့်တာဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဆုံးဖြတ်ချက်ကိုမပြောင်းလဲဘဲ ရိုးရိုးသားသား ရည်တည်ချက်တွေကို ကမ္ဘာကအသိအမှတ်မပြုဘဲ မနေနိုင်ကြပါဘူးလို့ အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်မှာနေထိုင်တဲ့ စွယ်စုံပညာရှင် ဆရာဦးဝင်းဖေကဆိုပါတယ်။

“ဗမာမှာထုံးစံရှိတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာ၊ လူတယောက်ဟာ သူတွေးခေါ်မြော်မြင်တဲ့အတိုင်း ပြောတတ်တယ်တဲ့။ သူတွေးခေါ်မြော်မြင်တဲ့အတိုင်း လုပ်တတ်တယ်တဲ့။ အဲတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တွေးခေါ်မြော်မြင်မှုကို သိချင်လို့ရှိရင် သူဘာပြောပြီး ဘာလုပ်သလဲဆိုတာကို ကျနော်တို့ကြည့်ကြတာဘဲ။ သူခြံဝကနေ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို နေ့စဉ်အမေးတွေကိုဖြေခဲ့တဲ့ အမေးအဖြေတွေရှိတယ် ဒါအလွန်အခြေခံကျတယ်။

အဲဒီအချိန်မှာ သူကဘာယ်လိုဖြေတတ်တုန်းဆိုတော့ စဉ်းစားမနေဘဲ မြန်မြန်ထက်ထက်သူဖြေတယ်။ ပြီးတော့ ရဲရဲရင့်ရင့်ဖြေတယ်။ ပြတ်ပြတ်သားသားဖြေ

**စာမျက်နှာ ၅ သို့**

# အီးယူ ဥရောပခေါင်းဆောင်တွေ နအဖစစ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံမည်

**VOA၊ ဒီဇင်ဘာ ၃။** ။ ရှေ့သီတင်းပတ်အတွင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကျင်းပမယ့် ကမ္ဘာ့ရာသီဥတု ညီလာခံရဲ့ ပြင်ပမှာ နအဖစစ်ဝန်ကြီးဗိုလ်ချုပ်သိန်းစိန်ကို ဥရောပ ခေါင်းဆောင်တချို့က တွေ့ဆုံမယ်လို့ ဆိုပါတယ်။

နအဖစစ်အုပ်စုနဲ့ တွေ့ဆုံဆွေးနွေးခြင်းမလုပ်ဘူးဆိုတဲ့ မူဝါဒကို ကိုင်ဆောင်လာတဲ့ ဥရောပခေါင်းဆောင်တွေက အခုလို နအဖစစ်ခေါင်းဆောင်တယောက်နဲ့တွေ့ဆုံမယ့် အစီအစဉ်ကို မြန်မာ့အရေး လှုပ်ရှားသူတွေက မထောက်ခံကြပါဘူး။ ဒီဇင်ဘာလ ၇ ရက်ကနေ ၈ ရက်နေ့အထိ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ ကုလသမဂ္ဂက ကြီးမှူးကျင်းပမယ့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံကို နအဖစစ်ဝန်ကြီး ဗိုလ်ချုပ်သိန်းစိန်တက်ရောက်မှာ ဖြစ်တာကြောင့် အဲဒီညီလာခံပြင်ပမှာ ဗိုလ်ချုပ်သိန်းစိန်နဲ့ သီးသန့်တွေ့ဆုံသွားဖို့ အီးယူခေါင်းဆောင်တွေက စီစဉ်နေကြတာဖြစ်ပါတယ်။ ဒါပေမယ့် အီးယူအဖွဲ့ဝင်နိုင်ငံတွေကို ကိုယ်စားပြုပြီး ဘယ်နိုင်ငံက ဗိုလ်ချုပ်သိန်းစိန်ကို တွေ့ဆုံမယ်ဆိုတာကို အခုချိန်ထိ မဆုံးဖြတ်ရသေးဘူးလို့ လက်ရှိ အီးယူအဖွဲ့ရဲ့ အလှည့်ကျဥက္ကဋ္ဌ ဆွီဒင်နိုင်ငံက အရာရှိတွေက ပြောပါတယ်။

မြန်မာနိုင်ငံအတွင်း သိသာတိုးတက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ လက်တွေ့လုပ်ဆောင်ခြင်းမရှိသေးခင် အခုလို စစ်အုပ်စု အကြီးအကဲတယောက်ကို လက်ခံတွေ့ဆုံခြင်း မလုပ်သင့်သေးဘူးလို့ လန်ဒန်မြို့အခြေစိုက် ဥရောပ မြန်မာရုံးက ဒါရိုက်တာ ဦးနွယ်အောင်က ပြောပါတယ်။

“ဒီဥစ္စာ ကျနော်တို့အမြင်ကတော့ မကြိုဆိုနိုင်သေးဘူး၊ ဘာကြောင့်လဲဆိုရင် စစ်အာဏာရှင်တွေဘက်က ဘာမှ အပြုသဘောဆောင်တဲ့ သတင်းမျိုးဘာတခုမှ မပြသေးတဲ့အတွက်ကြောင့် ဒီဘက်ကနေ မုန်လာဥနီချည်းပဲ ကျွေးဖို့ပြင်ဆင်နေကြတာကတော့ ကျနော်တို့အနေနဲ့ ဒါကို သဘောမတွေ့ပါဘူး၊ ဒါကြောင့် မကြိုဆိုသေးပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ရင် အီးယူမှာ သူတို့နဲ့တွေ့တိုင်း ကျနော်တို့ ပြောတာက Carrots တွေချည်းပဲ ပေးနေလို့မရဘူး၊ လုပ်စရာ ကိုင်စရာရှိတာတွေလည်း လုပ်ဖို့လိုတယ်ဆိုပြီး ကျနော်တို့ပြောတာတွေရှိပါတယ်။”

“ဒါပေမယ့် အီးယူက အမေရိကန်ပေါ်လစီ ပြောင်းလာတဲ့အချိန်ကစပြီး သူတို့ကလည်း ပြောင်းစပြုနေတယ်လို့ မြင်ပါတယ်။ နောက်ပိုင်းမှာ အပြောင်းအလဲတွေမြင်လာရတာကတော့ အိုဗားမားအစိုးရ ကနေပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ ပေါ်လစီအပြောင်းအလဲတွေလုပ်လာတယ်၊ ဒါ လူတိုင်းသိပါတယ်။ စကားပြောမယ်၊ တွေ့မယ်၊ ဆိုမယ်ဆိုပြီးတော့ လုပ်လာတဲ့အချိန်ကစပြီးတော့ အီးယူအနေနဲ့က အမေရိကန်ပေါ်လစီလိုပဲ သူတို့က ဖြစ်နိုင်သမျှ အပြုသဘောဆောင်တဲ့ လုပ်ရပ်တွေ လုပ်မယ်ဆိုပြီးတော့ အီးယူဘက်မှာလည်း ပြောင်းလဲလာတာဖြစ်ပါတယ်။”

ဒါပေမယ့် စစ်အုပ်စုခေါင်းဆောင်တွေနဲ့ သူတို့ရဲ့မိသားစုဝင်တွေအပေါ် အီးယူက လက်ရှိချမှတ်ထားတဲ့ ပြည်ဝင်ခွင့်ဗီဇာ ပိတ်ဆို့အရေးယူမှုကတော့ ဆက်ပြီးရှိနေတုန်းပဲလို့ ဦးနွယ်အောင်က ပြောပါတယ်။ ပြည်ဝင်ခွင့်ဗီဇာ ပိတ်ဆို့အရေးယူမှုကလည်း စစ်အုပ်စုအရာရှိတွေနဲ့ သူတို့မိသားစုဝင်တွေ သာမန်လာရောက်လည်ပတ်မှုနဲ့ တခြားကိုယ်ရေးကိုယ်တာ ကိစ္စတွေအတွက်သာ ပိတ်ဆို့အရေးယူထားတာဖြစ်ပြီး အခုလို နိုင်ငံတကာ ညီလာခံကြီးတွေတက်ဖို့ လာကြတဲ့ ခေါင်းဆောင်ပိုင်းကိုတော့ ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးလေ့ရှိပါတယ်။

အမေရိကန်အစိုးရက စစ်အုပ်စုနဲ့ ထိတွေ့ဆက်ဆံရေးမူကို ကျင့်သုံးသွားမယ်လို့ ထုတ်ပြန်ကြေညာပြီးနောက်ပိုင်း အီးယူနိုင်ငံတွေ အကြားမှာ စစ်အုပ်စုနဲ့ ဆက်ဆံရေး မဆက်ဆံရေးဆိုတဲ့ ကွဲပြားမှုတွေထွက်ပေါ်လာပေမယ့် အင်္ဂလန်ပြင်သစ်စတဲ့ ခေါင်းဆောင်ပိုင်း နိုင်ငံကြီးတွေကတော့ လက်ရှိမူဝါဒကိုဆက်လက်ဆုပ်ကိုင်ထားတုန်းပဲလို့ဆိုပါတယ်။

“အီးယူမှာလည်း အပိုင်းနှစ်ပိုင်းကွဲပြားနေတဲ့ ပုံသဏ္ဍာန်ရှိပါတယ်။ အထူးသဖြင့် အင်္ဂလန်တို့ ပြင်သစ်တို့စတဲ့ နိုင်ငံကြီးတွေကတော့ တင်းခံနေတုန်းပါပဲ၊ ဒီပိတ်ဆို့မှုတွေဟာ လိုအပ်သေးတယ်ဆိုပြီးတော့၊ တပိုင်းကလည်း ဥပမာ ဂျာမဏီလိုနိုင်ငံမျိုးကြတော့ သူတို့ထင်တာက ပိတ်ဆို့မှုတွေကို လျော့ပေးဖို့လိုတယ်။ စသဖြင့် အီးယူခေါင်းဆောင်ပိုင်း နိုင်ငံကြီးတွေမှာလည်း နှစ်ပိုင်းကွဲနေတဲ့ ပုံစံမျိုးဖြစ်နေတယ်။”

“နည်းနည်းသိသာလာတာကတော့ ပိတ်ဆို့အရေးယူမှုဟာ အမေရိကန်အစိုးရပြောလို့ ထိရောက်မှုမဖြစ်ဘူးဆိုတဲ့ အချိန်ကစပြီး ပိတ်ဆို့မှုကို လျော့ပေးဖို့ပြောတဲ့ နိုင်ငံလေးတွေပါ ပါလာတယ်ဆိုတာ ကျနော်တို့မြင်ရတယ်။ ကျနော်တို့ မြန်မာအသိုင်းအဝိုင်းတွေကတော့ ပိတ်ဆို့မှုကို ဆက်ပြီးထားဖို့ လိုတယ်ဆိုတာကို ဆက်ပြီးတော့ တောင်းဆိုနေတုန်းပဲဖြစ်ပါတယ်။”

အီးယူထိပ်ပိုင်းနိုင်ငံတွေအကြား မြန်မာစစ်အုပ်စုအပေါ် ထိတွေ့ဆက်ဆံသင့်၊ မသင့်ဆိုတဲ့ ဝိဝါဒတွေ ကွဲပြားနေပေမယ့် မြန်မာနိုင်ငံဆိုင်ရာ အီးယူ အထူးသံတမန် Mr.Piero Fassino ကတော့ မကြာခင်က အမေရိကန်က ပြောင်းလဲဆက်ဆံလာတဲ့ မူဝါဒသစ်ကြောင့် မြန်မာနိုင်ငံမှာ တိုးတက်တဲ့ လက္ခဏာတွေပေါ်ထွက်လာတာကို တွေ့ရတယ်လို့ သူ့ရဲ့ အရှေ့တောင်အာရှ ခရီးစဉ်အပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ပြောကြားခဲ့ပါတယ်။

# ဗိုလ်ချုပ်ကျော်ဇော ၉၀ နှစ်မြောက်မွေးနေ့

**DVB၊ ဒီဇင်ဘာ ၂။** ။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်ထဲက သက်ရှိထင်ရှားရှိနေဆဲ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောဟာ ဒီဇင်ဘာ ၃ ရက်မှာ အသက် ၉၀ ပြည့်ပါပြီ။

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောကို ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်နေ့မှာ သာယာဝတီခရိုင်၊ သုံးဆယ်မြို့၊ ဆိုင်းစုရွာမှာ အဘဦးပန်း၊ အမိဒေါ်မယ်တင့်တို့က မွေးဖွားခဲ့တာဖြစ်ပြီး မောင်နှမသားချင်း ခြောက်ဦးအနက် ဒုတိယမြောက်သားဖြစ်ပါတယ်။ အမည်ရင်း ကိုရွှေ ဖြစ်ပြီး ကျောင်းသားဘဝမှာ နယ်ချဲ့ဆန့်ကျင်ရေး ၁၃၀၀ ပြည့်အရေးတော်ပုံကြီးမှာ စတင်ပါဝင်ခဲ့ပြီးနောက်ပိုင်း ရဲဘော်သုံးကျိပ်အနေနဲ့ လွတ်လပ်ရေးတိုက်ပွဲမှာ ပါဝင်ဆောင်ရွက်ခဲ့သူ သမိုင်းဝင်ပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာပြည်ထဲ ကျူးကျော်ဝင်ရောက်လာသူ တရုတ်ဖြူတွေကို အောင်မြင်စွာတိုက်ခိုက်နှိမ်နင်းခဲ့တဲ့ ဘုရင့်နောင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတွေကို ဦးဆောင်ခဲ့တဲ့ မြန်မာ့တပ်မတော်ရဲ့တပ်မှူးကြီးတဦးလည်း ဖြစ်ပါတယ်။

တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ် အသက် ၃၈ နှစ် အရွယ် ၁၉၅၇ ခုနှစ်၊ ဧပြီလမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဆက်သွယ်တဲ့ စွပ်စွဲချက်နဲ့ တပ်ကနေ အငြိမ်းစားပေးခြင်းခံခဲ့ရပါတယ်။ ၁၉၇၆ ခုနှစ် ဇူလိုင်လမှာ ဗမာပြည်ကွန်မြူနစ်ပါတီရှိရာ တရုတ်နယ်စပ်ကို တောခိုလာခဲ့ပါတယ်။ ဒီဇင်ဘာ ၃ ရက်နေ့မှာကျရောက်တဲ့ သူ့ရဲ့ အသက် ၉၀ နှစ်မြောက် မွေးနေ့မှာ ပြည်သူလူထုနဲ့ တပ်မတော်ကို နှုတ်ခွန်းဆက်စကား ပြောကြားပါတယ်။

“ကျနော် အသက် ၉၀ ပြည့်ပြီ။ ဆရာကြီးမှိုင်းပြောသလို အိုမင်းမစွမ်းဖြစ်နေပါပြီ။ ကျနော် ချစ်လှတဲ့ ပြည်သူတွေ ယခုအထိ ဆင်းရဲတွင်း နက်နေသေးတဲ့အတွက် ကျနော်စိတ်မကောင်းနိုင်ပါဘူး။ ဒါပေမယ့် ကျနော်တို့ ပြည်သူတွေ မတရားမှု ဖိနှိပ်မှုမျိုးစုံကို အလျှော့မပေးဘဲ တဗိုလ်ကျ တဗိုလ်တက် စနစ်နဲ့ဆက်လက်တိုက်ပွဲဝင်နေကြတာကို မပြတ်ကြားသိနေရတဲ့အတွက်၊ အဲ့ဒီလို ပြည်သူတွေအတွက် ကျနော်အလွန်ဂုဏ်ယူပြီး အားရ ကျေနပ်မှုရှိပါတယ်။ ဆက်လက်ပြီးတော့လည်း မလျှော့တမ်းဇွဲနဲ့ကြိုးစားအားထုတ်ကြပါလို့ အားပေးမှာကြားလိုပါတယ်။ မိမိတို့ အတွင်းမှာလည်း စည်းလုံးညီညွတ်ကြပါ။ သဘောထားကြီးကြပါလို့ပြောပါရစေ။ “နအဖနဲ့တပ်မတော်သားများကိုလည်း ‘ပြည်သူသာအမိ၊ ပြည်သူသာအဖ၊ ပြည်သူ့မျက်နှာပဲကြည့်ကြပါ။ ပြည်သူကို ရန်သူလို သဘောမထားကြပါနဲ့’ လို့ပန်ကြားလိုပါတော့တယ်။ ပြည်သူအများ လိုလားတောင်းတတဲ့ ဒီမိုကရေစီစနစ်ဟာ အမြန်ဆုံးရရှိနိုင်ပါစေ။ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ။”

# နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှု အမှုတွဲ ရုံးထုတ်စစ်ဆေး

**DVB ၊ ဒီဇင်ဘာ ၃ ။** ။ နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးခံထားရတဲ့ ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက သူရကျော်နဲ့ ကိုပုံချစ်နိုတို့ ၃ ဦး အမှုကို ဒီနေ့ အင်းစိန်ထောင်အတွင်း မြောက်ပိုင်းခရိုင်တရားရုံးမှာ ရုံးထုတ်စစ်ဆေးခဲ့တယ်လို့ ထောင်အသိုင်းအဝိုင်းက တဆင့် သိရပါတယ်။

သူတို့ကို ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားခရီးစဉ်ပေါက်ကြားမှု၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြောက်ကိုရီးယားခရီးစဉ်ပေါက်ကြားမှု၊ နေပြည်တော်မြေအောက်လှိုင်ဂူလုပ်ငန်းစဉ် ပေါက်ကြားမှုတွေနဲ့ ဖမ်းဆီးထားတာဖြစ်ပါတယ်။ သူတို့အမှုကို နိုဝင်ဘာ ၃ ရက်နေ့ကနေ စတင်ရုံးတင် စစ်ဆေးခဲ့တာဖြစ်ပြီး မြောက်ပိုင်းခရိုင် ဒုတရားသူကြီးတွေဖြစ်တဲ့ ဦးမောင်မောင်အေးနဲ့ ဦးအုန်းသွင်တို့က ကြားနာစစ်ဆေးနေတာဖြစ်ပါတယ်။ စွဲဆိုထားတဲ့ ပုဒ်မတွေက နိုင်ငံခြားငွေ လက်ဝယ်ကိုင်ဆောင်မှု ပုဒ်မ ၁၄–၁၊ နိုင်ငံတော်လျှို့ဝှက်ပေါက်ကြားမှု ပုဒ်မ ၆–၃၊ နိုင်ငံတော်အရေးပေါ် အက်ဥပဒေပုဒ်မ ၃၊ အီလက်ထရောနစ်ပုဒ်မ ၃၃–ခ တွေနဲ့ စွဲဆိုထားတယ်လို့ သိရပါတယ်။ ဒီပုဒ်မတွေအရ သေဒဏ်အပါအဝင် ထောင်ဒဏ် တသက်တကျွန်း ကျခံရ နိုင်တယ်လို့ ဥပဒေပညာရှင်တွေက ပြောပါတယ်။ ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော်ဟာ အသက် ၅၅ နှစ် အရွယ်ရှိပြီး လေယာဉ်ပျက်ကျပြီး သေဆုံးသွားတဲ့ နအဖအတွင်းရေးမှူး ၂ ဗိုလ်ချုပ်တင်ဦးရဲ့ ကိုယ်ရေးအတွင်းဝန်နဲ့ ဆက်သွယ်ရေးဝန်ကြီး ဦးစိုးသာရဲ့ ကိုယ်ရေးအတွင်းဝန်ရာထူးတွေကို ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

တပ်မတော်ကနေအနားယူပြီးတဲ့နောက် ယူအန်ဒီပီ လက်အောက်ခံ အန်ဂျီအို ဝန်ထမ်းတာဝန်နဲ့ ကမ္ဘောဒီယားနိုင်ငံမှာ သင်တန်းတက်ပြီး အပြန် ဒီနှစ်ဇူလိုင် ၂၉ ရက် ရန်ကုန်လေဆိပ်မှာ ဖမ်းဆီးခံခဲ့ရတာ ဖြစ်ပါတယ်။ သူရကျော်ကတော့ ဖမ်းဆီးခံရတဲ့အချိန်မှာ လက်ရှိ နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနရုံး ဥရောပရေးဆိုင်ရာ အကြီးတန်းစာရေးတဦးဖြစ်ပါတယ်။ သူတို့ကို ဖမ်းဆီးစဉ် သူတို့ရဲ့ကိုယ်ပိုင် ကွန်ပျူတာတွေထဲက ဒု ဗိုလ်ချုပ်မှူးကြီးမောင်အေး ရုရှားခရီးစဉ်၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြောက်ကိုရီးယားခရီးစဉ်၊ နေ ပြည်တော်မြေအောက်လှိုင်ဂူမှတ်တမ်းတွေကို တွေ့ရှိခဲ့ပြီး ဒီသတင်းတွေကို ဗိုလ်မှူးအောင်လင်းထွဋ်ကတဆင့် မီဒီယာတွေကို ပို့တယ်ဆိုပြီး အစိုးရအာဏာပိုင်တွေက စွပ်စွဲထားပါတယ်။

ကိုပုံချစ်နိုကတော့ မဆင့်ဆိုတဲ့ အမျိုးသမီးကတဆင့် နေပြည်တော် လှိုင်ဂူသတင်းကိုပို့ပြီး မီဒီယာမှာ သတင်းရေးသားခဲ့သူလို့ စုံစမ်းသိရပါတယ်။ ဒီအမှုနဲ့ ပတ်သက်ပြီး အခြားတပ်မတော်အတွင်းက အရာရှိအချို့လည်း ဖမ်းဆီးခံရပြီး အဲဒီအထဲက တဦးဖြစ်တဲ့ ကကြည်း ကွန်ပျူတာဌာန အထူးအရာခံဗိုလ်အောင်ကျော်လင်းကတော့ အထူးစစ်ခုံရုံးကနေ တိုက်ရိုက်အမိန့်ချထားပြီး စစ်ထောင်မှာပဲ ထိန်းသိမ်းထားပါတယ်။

---

# ဒေါ်စုကမ်းလှမ်းမှု အဖွဲ့ချုပ်ဝင်များကြိုဆို

**DVB ၊ ဒီဇင်ဘာ ၂ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နအဖ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့တဲ့ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်အပေါ် မန္တလေးတိုင်း မိတ္ထီလာနဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် အဖွဲ့ချုပ်တွေက ထောက်ခံကြိုဆိုလိုက်ပါတယ်။

မနေ့က ပြုလုပ်ခဲ့တဲ့ မိတ္ထီလာ အဖွဲ့ချုပ်အစည်းအဝေးမှာ ဒီလို ဆုံးဖြတ်ခဲ့တာလို့ အဖွဲ့ချုပ် မိတ္ထီလာမြို့နယ်အတွင်းရေးမှူးဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တင်ပြထားတဲ့ စာနဲ့ပတ်သက်ပြီး ကျမတို့ကအကြွင်းမဲ့ ယုံကြည်တယ်၊ ထောက်ခံတယ်။ ဒီနေ့ဒီအချိန်မှာ မြန်မာပြည်သူလူထုနဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကပါ ထောက်ခံနေတဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် အင်မတန်ကိုလိုအပ်တဲ့အချက်ဖြစ်တဲ့ ရွှေဂုံတိုင်ကြေညာချက်နဲ့ပတ်သက်ပြီး စစ်အစိုးရက လိုက်လျောလာအောင် တိုက်တွန်းတောင်းဆိုတယ်။ ကျိုင်းတုံ အကျဉ်းထောင်မှာရောက်နေတဲ့ ကိုမင်းကိုနိုင်ရဲ့ကျန်းမာရေး စောင့်ရှောက်မှုအတွက်၊ လိုအပ်နေတဲ့ ဆေးဝါးအတွက် သူတို့မိသားစုကို ထောက်ပံ့ဖို့ မိတ္ထီလာအဖွဲ့ချုပ်အနေနဲ့ဆုံးဖြတ်ချက်ချတယ်။"

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အဖွဲ့ချုပ် အစည်းအဝေးမှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့တဲ့စာကို ထောက်ခံလိုက်ကြောင်းနဲ့ ရွှေဂုံတိုင်ကြေငြာချက်ကို ထောက်ခံကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့တယ်လို့ ကချင်ပြည်နယ် စည်းကော်မီတီဝင် ဦးဘမောင်တင်က ပြောပါတယ်။ မကွေးတိုင်း ရေနံချောင်းမြို့မှာလည်း အဖွဲ့ချုပ်အစည်းအဝေးမနေ့က ပြုလုပ်ခဲ့တယ်လို့ မကွေးတိုင်း အဖွဲ့ချုပ် အမျိုးသမီးခေါင်းဆောင် ဒေါ်ခင်စောဌေး က ပြောပါတယ်။

"လူငယ်အဖွဲ့အစည်းထဲမှာ တယောက်လျော့နေတဲ့အတွက် ပြန်လည်ဖွဲ့စည်းဖို့ သူတို့တင်ပြတယ်။ အမျိုးသမီးအဖွဲ့ ဖွဲ့စည်းဖို့ ကျမက တိုင်းတာဝန်ခံတယောက်အနေနဲ့ မကွေးတိုင်း ၂၅ မြို့နယ်ကို စာတွေပို့ထားပါတယ်။ မြို့နယ်အသီးသီးမှာ အဆင်သင့်ဖြစ်တဲ့အခါ သွားပြီး ဖွဲ့စည်းပေးရမှာ။ နောက်ပိုင်း ခရီးထွက်ရမယ်ဆိုတော့ ရေနံချောင်းကိုအရင်ဆုံး မြို့နယ်စည်းဖွဲ့စည်းဖို့ကိစ္စ မြို့နယ်စည်းတွေကို တင်ပြရတယ်။ အမျိုးသမီးအဖွဲ့ အရင်တုန်းကလည်း ဖွဲ့ထားတာရှိပေမယ့် တိုးချဲ့ဖွဲ့စည်းတာပေ့ါ။"

ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တွေ့ဆုံဆွေးနွေးရေးအတွက် နိုဝင်ဘာ ၁၁ ရက်ကတည်းက စာရေးသားပေးပို့ခဲ့တာပါ။ အဲဒီစာကိစ္စကို ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအဖွဲ့ချုပ်တွေက ထောက်ခံခဲ့ပြီး သံဃာနဲ့ ကျောင်းသားတွေကလည်း ထောက်ခံကြောင်း ကြေညာချက် အသီးသီး ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် နအဖဘက်က ဘာမှမတုံ့ပြန်သေပါဘူး။

---

# ဒီမိုကရက်တစ်ပါတီ စည်းရုံးရေးဆင်း

**DVB ၊ ဒီဇင်ဘာ ၃ ။** ။ ၂၀၁၀ ပြည့်နှစ်ထဲကို မကြာမီ ရောက်ရှိလာတော့မှာဖြစ်ပေမယ့် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေဟာ တရားဝင် စည်းရုံးခွင့်မရရှိသေးတဲ့ အကြောင်းကို ရန်ကုန်မြို့မှာ ရုံးခန်းဖွင့်ပြီး စည်းရုံးရေး လုပ်ငန်းတွေလုပ်နေတဲ့ ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဦးသုဝေက ပြောပါတယ်။

"ရွေးကောက်ပွဲဝင်မယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ပြင်ဆင်ပေမယ့်လို့ တရားဝင်လုပ်ပိုင်ခွင့်တွေမရှိသေးဘူး။ အဲဒါကြောင့် ကျနော်တို့က လုပ်နိုင်တဲ့နည်းနဲ့ပြင်ဆင်တယ်။ ရပ်ကွက်တွေ၊ မြို့နယ်တွေဆင်းပြီး ကိုယ့်အချင်းချင်း ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဆွေးနွေးကြတယ်။ ပါတီဝင်တွေ စုတယ်၊ စည်းရုံးရေး ကော်မတီတွေ ဘာတွေဖွဲ့တယ်။ အဲဒါက ဥပဒေလွတ် ကျနော်တို့လိုက်လုပ်နေတာပေ့ါ။"

အလားတူ ပါတီရဲ့ စည်းရုံးရေးလုပ်ငန်းတွေ လုပ်နေတုန်းမှာ အာဏာပိုင်တွေက လိုက်လံစောင့်ကြည့်တာတွေကိုလည်း ခံနေကြရဆဲပါ။

"အဲဒီလိုလိုက်လုပ်တဲ့နေရာမှာ သက်ဆိုင်ရာတွေကပြောထားတဲ့ ဥပဒေနဲ့လည်း လွတ်အောင်လုပ်တယ်ဆိုတော့ ကျနော်တို့ကို ဘာမှ အတားအဆီးမရှိဘူး။ သို့သော် ကျနော်တို့လုပ်တဲ့နေရာတွေမှာ အကုန်လုံး သူတို့လိုက်ပြီး သတင်းယူမှာပေ့ါ။ သူတို့ ရီပို့ပေးရမှာပေ့ါ။"

အလားတူ ၂၀၁၀ ရွေးကောက်ပွဲအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ ကချင်တိုင်းရင်းသားပါတီတခုက ရုံးခန်းဖွင့် စည်းရုံးနေပြီ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ရခိုင်ပြည် မြို့နယ်တချို့မှာလည်း ရုံးခန်းဖွင့်ပွဲတွေ မကြာခင်က လုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲဝင်မယ့်သူတွေဟာ ပါတီများမှတ်ပုံတင်ခွင့် အပါအဝင်ရွေးကောက်ပွဲဥပဒေမထွက်လာသေးတဲ့အတွက် အခက်အခဲရှိနေကြပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မကြာခင်ကပဲ ရွေးကောက်ပွဲကို တရားမျှတအောင်လုပ်ပေးမယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်ကလည်း အလားတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတခု ပြုလုပ်ပေးခဲ့ ဖူးပါတယ်။ အဲဒီတုန်းကလည်း ရွေးကောက်ပွဲပြီးရင် အာဏာလွှဲပေးမယ်လို့ စစ်အစိုးရက ကတိပေးခဲ့ပေမယ့် ၁၉ နှစ်ကြာလာတဲ့ ဒီနေ့ထိ ကတိအတိုင်း အာဏာလွှဲပေးတာ မရှိသေးပါဘူး။

# ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အဖွဲ့ချုပ်ရုံးတွင် ကျင်းပ

**DVB၊ ဒီဇင်ဘာ ၁။** ။ ဒီနေ့ကျရောက်တဲ့ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့မှာ အထိမ်းအမှတ်အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန် ရွှေဂုံတိုင်လမ်းမှာ အခမ်းအနားကျင်းပပါတယ်။

အခမ်းအနားကို မနက် ၁၀ နာရီကနေ နေ့လည် ၂ နာရီခွဲအထိ ကျင်းပပြီး ရန်ကုန်ရှိ အေအိုင်ဒီအက်စ် ဝေဒနာသည် ၂၅၀ ခန့်နဲ့အတူ အဖွဲ့ချုပ် ထိပ်ပိုင်း ခေါင်းဆောင်တွေ၊ အမေရိကန်သံရုံးက အရာရှိနဲ့နိုင်ငံခြားသံတမန်တချို့ စုစုပေါင်း ပရိသတ် ၃၀၀ လောက် တက်ရောက်တယ်လို့ သိရပါတယ်။ အခမ်းအနားကျင်းပပုံနဲ့ပတ်သက်ပြီး အေအိုင်ဒီအက်စ်ကူညီရေးအဖွဲ့မှ အဖွဲ့ချုပ်ဝင်ကိုရာဇာက ပြောပါတယ်။

"ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ထဲက ဦးညွန့်ဝေကစပြီး နှုတ်ခွန်းဆက်စကားပြောပြီး အိတ်ချ်အိုင်ဗွီပရိုဂရမ် ကြီးကြပ်သူ ဦးလှမင်းက စကားပြောတယ်။ မဖြူက နှစ်သိမ့်အားပေးစကားပြောတယ်။ သူပြီးတော့ ကျနော် ကျေးဇူးတင်စကားပြောတယ်။ အဘဦးဝင်းတင်က အမှတ်တရစကားမျိုးပြောတယ်။ နောက် ပန်းကန်တွေ၊ တဘက်စောင်တွေ၊ အလှူရှင်တယောက် လှူလိုက်တဲ့ ပိုက်ဆံ ၅ သောင်းရယ်ကို ကံစမ်းမဲ ဖောက်ပေးလိုက်တယ်။"

အဖွဲ့ချုပ် အေအိုင်ဒီအက်စ် ကူညီရေးအစီအစဉ်ကို နေအိမ်အကျယ်ချုပ်ကျနေတဲ့ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်နဲ့ လွန်ခဲ့တဲ့ ၇ နှစ်ကစတင် တည်ထောင်ခဲ့တာဖြစ်ပြီး အခမ်းအနားအဖြစ် ကျင်းပလာတာ ၄ နှစ် ရှိပြီလို့အဖွဲ့ရဲ့ တာဝန်ခံမဖြူဖြူသင်းက ပြောပါတယ်၊ ဒါပေမယ့် ကမ္ဘာနဲ့အဝန်း ပူပေါင်းဆောင်ရွက်နေချိန်မှာ စစ်အစိုးရက အဖွဲ့ချုပ်ဝင်တွေရဲ့ အေအိုင်ဒီအက်စ်ကူညီရေးကို နည်းအမျိုးမျိုးနဲ့ခြိမ်းခြောက်ဟန့်တားသလို၊ အဖွဲ့ချုပ်ဝင်တွေ၊ ကူညီသူတွေကိုလည်း ဖမ်းဆီးထောင်ချတာတွေ လုပ်တဲ့အတွက် စိတ်မကောင်းဖြစ်ရတယ်လို့ မဖြူဖြူသင်းက ပြောပါတယ်။

"အမိက ကူညီဖို့တည်ထောင်ခဲ့တာ။ ဒေါ်အောင်ဆန်းစုကြည်ဆိုရင် တည်ထောင်ပြီးချိန်ကနေစပြီး အခုလို ဝေဒနာသည်တွေနဲ့ တွေ့ဆုံတဲ့ပွဲကို တခါမှတက်ရောက်နိုင်တာမရှိဘူး။ ကျမတို့ နှစ်တိုင်း ဝေဒနာသည်တွေကို ကူညီပေးနေတဲ့ အဖွဲ့ချုပ် အဖွဲ့ဝင်လူငယ်တွေ၊ ရဟန်းသံဃာတွေ၊ ကိုမြအေးတို့ ကျမ ဒီမှာ အခမ်းအနားလုပ်ရင် အမြဲတမ်းတက်ရောက်ပြီး အားပေးခဲ့တာတွေ ရှိတယ်။ သူတို့တွေ အားလုံးလည်း ထောင်ထဲမှာဆိုတော့ ကျမတို့စိတ်မကောင်းဖြစ်မိပါတယ်။"

ဒါပေမယ့် ဘယ်လို အခက်အခဲမျိုးဖြစ်ဖြစ် သူတို့ ဖြစ်စေချင်တဲ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ နှစ်စဉ်အခမ်းအနား ဖြစ်မြောက်ရေးကို အဖွဲ့ချုပ်ဝင် လူငယ်တွေနဲ့ပူးပေါင်းပြီး ဆက်လက်အကောင်အထည် ဖော်သွားမယ်လို့မဖြူဖြူသင်းက ပြောပါတယ်။ အဖွဲ့ချုပ်ရဲ့ အေအိုင်ဒီအက်စ်၊ အိတ်ချ်အိုင်ဗွီ ရောဂါတိုက်ဖျက်ရေးအစီအစဉ်အရ ၂၀၀၂ ကနေ ၂၀၀၉ အထိ လူနာပေါင်း ၃ ထောင်ကျော်ကို ကူညီကုသပေးနေပြီး တနှစ်ထက်တနှစ် ရောဂါပိုးကူးစက်သူ ပိုတိုးလာသလို အေအာဗွီဆေးရရှိဖို့လည်း များစွာလိုအပ်နေတယ်လို့ ပြောပါတယ်။ နယ်တွေမှာလည်း လူနာတွေ ဆေးကုလို့မရသေးတဲ့ အတွက် ရန်ကုန်ကို လာပြီး ကုသနေသူ ၉၀ လောက် ရှိတယ်လို့ မဖြူဖြူသင်းက ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် အိမ်ပြင်ခွင့် ရပြီ

**DVB၊ ဒီဇင်ဘာ ၁။** ။ နိုဘယ်လ်ဆုရှင်လည်းဖြစ်၊ အတွေးအခေါ် ပညာရှင်လည်းဖြစ်တဲ့ အကျဉ်းကျခံနေရဆဲဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က သူ့နေအိမ်ပြင်ဆင်ဖို့ ကြိုးစားနေပါတယ်။

အမေရိကန်နိုင်ငံသား ဝှန်ယတ်ထော အင်းလျားကန်ဘက်ကနေ ရေကူးဝင်ပြီးကတည်းက သူ့အိမ်ကို လုံခြုံရေးအရ ပြင်ဆင်ဖို့ကြိုးစားနေတာဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်ကမှ အာဏာပိုင်တွေဆီက ခွင့်ပြုချက်ရခဲ့တာလို့ သူ့ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ခွင့်ပြုချက်ဟာ နေအိမ်ပြင်ဆင်ခွင့်ပဲ ရှိသေးပြီး နေအိမ်ထဲ အင်ဂျင်နီယာနဲ့ပစ္စည်းတွေ သွင်းရေးအတွက် ခွင့်ပြုချက် ထပ်မံတောင်းခံရကြောင်းနဲ့ အခု အဲဒီ ၂ ခုစလုံးရပြီး ဖြစ်တဲ့အတွက် မနက်ဖြန်မှာ အိမ်ပြင်မှု စတင်လုပ်နိုင်ဖွယ်ရှိတယ် ဦးဉာဏ်ဝင်း က ပြောပါတယ်။

"မနေ့ကနဲ့ ဒီနေ့အလုပ်သမားစာရင်းတွေ သွင်းမယ့်ပစ္စည်းစာရင်းတွေကို သက်ဆိုင်ရာတွေကို တင်ပြခွင့်ပြုချက်တောင်းနေတာ။ ဒေါ်အောင်ဆန်းစုကြည်က ဒီအိမ်မှာ အကျယ်ချုပ်ရှိနေတဲ့အတွက် ဒီအိမ်ကို ဝင်ထွက်ဖို့ကိစ္စညှိနှိုင်းဆောင်ရွက်နေတာ ဒီအပတ်ထဲမှာ စပြင်ခွင့်ရပါလိမ့်မယ်။ အမိက ဒေါ်အောင်ဆန်းစုကြည် နေတဲ့အိမ်ရဲ့ လသာဆောင် ဝရန်တာက အကြီး ၁ ခု၊ အသေး ၁ ခုရှိတယ်။ အဲဒီ ၂ ခုစလုံးကို အခန်းအဖြစ် ပြောင်းလဲလိုက်မယ်။"

"ပင်မအိမ်မှာ သံပန်း သံတခါးတပ်မယ်။ ခြံဝင်းထဲမှာ ပြိုလုနီးနီးဖြစ်နေတဲ့ ပျဉ်ထောင်အိမ်တလုံးရှိတယ်။ အဲဒီဟာကိုလည်း ဖြိုဖျက်လိုက်မှာပေါ့။ ဘာမှ အသုံးလည်းမကျဘူး၊ သစ်ပင်ခြုံနွယ်တွေနဲ့ဖြစ်နေတယ်။ ရေစပ်မှာ ခပ်သေးသေးတလုံးရှိတယ်။ ခြံဝင်းအဝမှာ ဂိတ်သဘောမျိုးတခု ရှိတယ်။ အဲဒါကတော့ ဖျက်ဖို့အထဲမပါသေးဘူး။"

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေ လွှတ်ပေးဖို့တောင်းဆိုထားတဲ့ အယူခံလွှာကို ဗဟိုတရားရုံးဆီတင်ထားပြီး လက်ခံ၊ လက်မခံဆိုတာကို သောကြာနေ့တိုင်း အဲဒီရုံးက ကြော်ငြာဆိုင်းဘုတ်မှာ သွားကြည့်နေရတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာ ဘာမှမတွေ့ရတဲ့အတွက် ဒီတပတ်သောကြာမှာ တရားရုံးကြော်ငြာဆိုင်းဘုတ် သွားကြည့်ဖို့ ပြင်နေဆဲဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

**စာမျက်နှာ ၂ မှ**

တယ်။ တရားမျှတမှုရှိနိုင်သမျှရှိအောင် သူမြေဆိုနိုင်တယ်။ အဲဒီလိုသဘောတရားတွေရှိတယ်။ အခုနှစ်ပေါင်း ၂၀ လောက် ဖိနှိပ်ချုပ်ချယ်ထားပေမယ့် သူဟာ သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ သူ့လုပ်ရပ်ကို ဘာမှမပြောင်းလဲဘဲနဲ့ ကြံ့ကြံ့ခိုင်ခိုင် သူ့ဆုံးဖြတ်ချက်အတိုင်း မယိမ်းမယိုင်နေနေတယ်။ ဒါ သူလုပ်တဲ့လုပ်ရပ်။ နောက် သူ့ကိုတကယ်လို့ အကျယ်ချုပ်ချုပ်မထားဘူးဆိုရင် ရဲရဲရင့်ရင့် သွားမယ် လာမယ် လုပ်တိုင်းသိတယ်။ သူ အချိန်မရွေးအန္တရာယ်ကြီးတယ်။ အဲဒါတွေကို သူဂရုကိုမစိုက်ဘူး။ သူ့ရဲ့တွေးခေါ်မြော်မြင်မှုဟာကမ္ဘာ့အဆင့်မရှိဘူးဆိုလို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။"

ဒီလိုခိုင်မာတဲ့စံပြရပ်တည်ချက်တွေနဲ့အတူ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ ကိုက်ညီမယ့်အတွေးအခေါ်တွေနဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွေ ရောက်အောင် ဖောက်ထွက်နေတာတွေကလည်း အာဏာရှင်တွေအတွက် အကြောက်တရားဖြစ်စေတာမျိုးတွေ့ရတယ်လို့ ဆရာဦးဝင်းဖေကဆိုပါတယ်။

"ဒီကနေ့အထိ ထိပ်တန်းလူကြီးတွေကရင်ဆိုင်ပြီးတော့ ဆွေးနွေးပွဲတို့ဘာတို့ပြောဖို့ကို အတော်လန့်ပုံရတယ်။ ယှဉ်ပြီးပြောလို့ရှိရင် ငါတို့ယှဉ်ပြီးပြောနိုင်ပါ့မလား၊ လက်တန်းဆိုရင် အဲဒီလိုစိုးရိမ်မှုပါပုံရတယ်။ ရှုံ့တယ်ပေါ့ဗျာ။ ကျနော်တို့တိုင်းပြည်မှာလည်း စစ်ခေါင်းဆောင်တွေအဲဒီအထိရှိပုံရတယ်လို့ ကျနော်တွေးတယ်ဗျ။ သူ့ရဲ့အနေအထား သူ့ရဲ့ရပ်တည်ချက်ကို မယိုင်မလဲ မပြောင်းမရွှေ့ တည်တည်တံ့တံ့ရပ်ပြတာလောက် ကြီးကျယ်တဲ့စိတ်ဓာတ်စစ်ဆင်ရေးအရ သူ့ဆန္ဒကိုထုတ်ဖော်တာ ဘယ်ရှိမလဲဗျ။ နည်းတဲ့အတိုင်းအတာမှမဟုတ်တာ။ ဖိနှိပ်ချုပ်ချယ်မှုသိပ်ကြီးပါတယ်။ ဒီထက်ဘာထိခိုက်စရာရှိအုန်းမှာတုန်း။ နိုင်ငံတကာကကို ဒါကိုမချီးကျူးဘဲ အသိအမှတ်မပြုဘဲမနေနိုင်ဘူး၊ ဒါ တရားပါတယ်ဗျာ။"

စွယ်စုံပညာရှင် ဆရာဦးဝင်းဖေပြောပြခဲ့တာဖြစ်ပါတယ်။ ဒီဇင်ဘာလ ၁ ရက်နေ့ နေ့စွဲနဲ့ထုတ်ပြန်လိုက်တဲ့ ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင် စာရင်း ၁၀၀ ထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမေရိကန်သမ္မတ Barack Obama ၊ ပုပ်ရဟန်းမင်းကြီး Pope Benedict ၊ ချက်သမ္မတဟောင်း Vaclav Havel၊ အမေရိကန်သမ္မတဟောင်း Bill Clinton နဲ့အတူ မိုက်ခရိုဆော့ဖ်သူဌေးကြီး Bill Gates တို့ပါဝင်သလို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆင်းရဲတဲ့အမျိုးသမီးတွေကို အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ပေးတဲ့ ငြိမ်းချမ်းရေးနိုဘဲလ်ဆုရှင် Muhammad Yunus တို့လည်း ဂုဏ်ပြုမှတ်တမ်းတင်စာရင်းထဲမှာ ပါဝင်ကြပါတယ်။

# လူမှုအဖွဲ့အစည်းနှင့်အုပ်ချုပ်မှု

**ကျော်ကျော်စိုး**

**ယခင်တပတ်မှအဆက်**

## ပြုပြင်ပြောင်းလဲရေးအတွက် အင်အားတခု

ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် လူမှုအသိုင်းအဝိုင်းနှင့် တိုက်ရိုက်ထိတွေ့နေသောအဖွဲ့အစည်းများဖြစ်သည့်အတွက် လူထု၏လိုအပ်ချက်၊ လူမှုအသိုင်းအဝိုင်းအတွင်း ဖြစ်ပျက်နေသည်များနှင့် အပြောင်းအလဲများကိုသိရှိကြသည်။ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လည်း ကြိုးစားကြသည်။ ၄င်းတို့သည် မိမိတို့ကျွမ်းကျင်ရာ၊ စိတ်ပါဝင်စားရာ၊ အားသန်ရာလုပ်ငန်းများကိုလုပ်ဆောင်သည့်အတွက် ကြိုးပမ်းအားထုတ်မှုနှင့် ကျွမ်းကျင်မှုတို့က ၄င်းတို့ဆောင်ရွက်သည့်လုပ်ငန်းများကို တိုးတက်ထိရောက်မှုများဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့်ဆိုလျှင် မြန်မာနိုင်ငံ၌ နာရေးကူညီထောက်ပံ့မှုအသင်း၊ ဂျပန်နိုင်ငံတွင် ဒုက္ခသည်လျှောက်ထားသူများကို ကူညီပံ့ပိုးမှုများပေးနေသည့် Japan Association for Refugees (JAR) ကဲ့သို့သောအသင်းများသည် လုပ်ငန်းတခုကိုစောက်ချလုပ်ကိုင်သောကြောင့် လုပ်ငန်းတွင်ကျွမ်းကျင်မှုများရှိသကဲ့သို့ အများ၏ယုံကြည်အားကိုးမှု၊ လေးစားမှုကိုရကြသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသော နိုင်ငံများတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများလုပ်ဆောင်ချက်များသည် လူထုအတွက် အထောက်အကူဖြစ်စေသောကြောင့် အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ဆောင်ရွက်ပေးရမည့်တာဝန်များကို အဆိုပါပြည်သူ့ရေးရာအဖွဲ့အစည်းများက မျှဝေထမ်းဆောင်သည့်သဘောသက်ရောက်နေသည့်အတွက် အစိုးရသည် နိုင်ငံအတွက် အရေးကြီးသောကိစ္စများကို ပိုမိုအားစိုက်လုပ်ဆောင်နိုင်သည့် အခြေအနေကိုရရှိစေသည်။ ဤသို့သောအခြေအနေများကြောင့် အချို့သောနိုင်ငံများတွင် အစိုးရများသည် ပြည်သူ့ရေးရာအဖွဲ့အစည်းများနှင့်နီးကပ်သောဆက်ဆံရေးကို ထိန်းသိမ်းထားသည်။ ပြည်သူ့ရေးရာအဖွဲ့အစည်းများကို ပြုပြင် ပြောင်းလဲမှုများပြုလုပ်ရာတွင် ထိရောက်သောအင်အားစုများအဖြစ် သတ်မှတ်လာကြသည်။

ဤသည်က ပြောင်းလဲလာသည့် အယူအဆတခုပင်ဖြစ်သည်။ ထိုကဲ့သို့ပြောင်းလဲလာသောအခြေအနေကို ဟန်ဂေရီမှပညာရှင်တဦးက nonrevolutionary political concept တော်လှန်ရေးမဆန်သောနိုင်ငံ ရေးခံယူချက်ဟု သတ်မှတ်ပြီး ထိုကဲ့သို့သောအယူအဆက ဟန်ဂေရီနိုင်ငံအား ဒီမိုကရေစီသို့အသွင်ကူးပြောင်းရာတွင် ငြိမ်းချမ်းစွာဖြင့်၊ ညှိနှိုင်းမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်ဟုသုံးသပ်ထားသည်။ အထူးသဖြင့် ပြည်သူ့ရေးရာအဖွဲ့အစည်းများက ပြည်သူလူထုအား အာဏာရှင်စနစ်အောက်မှ ဈေးကွက်စီးပွားရေးကို အခြေပြုသော ဒီမိုကရေစီထွန်းကားသောနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရာတွင် စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေးကိစ္စရပ်များအတွက် များစွာအထောက်အကူပြုပေးခဲ့သည်။ ထိုကဲ့သို့အထောက်အကူပြုနိုင်ခဲ့ခြင်းမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် အများ၏ယုံကြည်မှု၊ လေးစားမှုကိုရထားခြင်းကြောင့်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် ဒီမိုကရေစီအခြေပြုအုပ်ချုပ်ရေးစနစ်ဆက်လက်ရှင်သန်ရေးနှင့် ထိုအုပ်ချုပ်ရေးစနစ်အရ ပြည်သူလူထုအတွက် လက်တွေ့လုပ်ဆောင်ပေးနိုင်ခြင်းမရှိသည့်အခြေအနေများအကြားကွာဟနေမှုများကို ပေါင်းကူးပေးသည့်နေရာမှ ပါဝင်လုပ်ဆောင်ကြသည်။ ဆိုလိုသည်မှာ အစိုးရက ပြည်သူလူထုအတွက် ဆောင်ရွက်ပေးရန်ပျက်ကွက်နေသည့် ကိစ္စရပ်များကို ပြည်သူ့ရေးရာအဖွဲ့အစည်းများက ကြားဝင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဒီမိုကရေစီတောင့်တင်းခိုင်မာလာစေရေးအတွက်ဆိုလျှင် ပြည်သူ့ရေးရာအဖွဲ့အစည်းများ အားကောင်းရန်လိုအပ်ပေသည်။ ပြည်သူ့ရေးရာ အဖွဲ့အစည်းများ အားကောင်းခိုင်မာလျှင် ပြည်သူလူထုနှင့်လူမှုအသိုင်းအဝိုင်းအကျိုးအတွက် လုပ်ဆောင်ပေးနိုင်သလို အစိုးရနှင့် နိုင်ငံရေးသမားများ၏လုပ်ကိုင်ဆောင်ရွက်ပုံများကိုလည်း ပြန်လှန်စစ်ဆေးမှုများပြုလုပ်နိုင်ပေသည်။ အထူးသဖြင့် လူနည်းစုအတွက် အခွင့်အလမ်းနည်းပါးသောသူများအတွက် ပြည်သူ့ရေးရာအဖွဲ့အစည်းများက ကိုယ်စားပြုလုပ်ကိုင်လှုပ်ရှားကြသည်။

ယခင်တုန်းကဆိုရင် စာနယ်ဇင်း၊ မီဒီယာတို့ကို အစိုးရ၏လုပ်ကိုင်ဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုသောသူများ watchdog အဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့သော်လည်း ယနေ့ခေတ်ကာလတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် ထိုကဲ့သို့စောင့်ကြပ်ကြည့်ရှုသောနေရာသို့ တဖြည်းဖြည်းရောက်ရှိလာနေသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ကိစ္စအကြောင်းတရပ်ကိုသာ အလေးထား အာရုံစိုက်၍လုပ်ကိုင်လှုပ်ရှားလာသည့် NGO များအထူးပင်များပြားလာသည်ဟု သိရသည်။ ထိုအထဲတွင် ယခင်တပတ်က ဖော်ပြခဲ့သည့် နိုင်ငံရေးသမားများထဲမှလည်းကောင်း၊ နိုင်ငံရေးလောကအတွင်း ဝင်ရောက်လာသောသူများအား လေ့လာဆန်းစစ်မှုများပြုကာ ထိုသူများသည် လူထုအတွက် အမှန်တကယ်အကျိုးပြုနိုင်မည်သူ ဟုတ်မဟုတ်၊ ယခင်က နာမည်ပျက်ရှိခဲ့ခြင်းရှိမရှိ၊ အကျင့်ပျက်ဖောက်ပြန် ခဲ့မှုများ ရှိမရှိဆိုသည်ကို လေ့လာကာ လူထုသိစေရန်ထုတ်ဖော်မှုများပြုနေသည့် လုပ်ဆောင်ချက်ပင်ဖြစ်သည်။

ပိုမိုစိတ်ဝင်စားစရာကောင်းသည်မှာ ဟန်ဂေရီနိုင်ငံတွင် လွှတ်တော်အတွင်း၊ ဝန်ကြီးဌာနများအတွင်း၊ ဝန်ကြီးချုပ်ရုံးအတွင်း NGO များ၏ ဆက်သွယ်ရေးကော်မတီများထားရှိထားခြင်းဖြစ်သည်။ ဤသည်က ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးယန္တယား၊ ဥပဒေပြု ယန္တယားတို့တွင် နီးကပ်စွာစောင့်ကြည့်လေ့လာမှုများပြုနေသည်ဆိုသည့်သဘောဖြစ်သည်။ နိုင်ငံအတွက် အရေးပါသောဥပဒေများရေးဆွဲအတည်ပြုခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်သူလူထု၏အကျိုးစီးပွားအတွက် ထိရောက်သော နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းရှိ မရှိဆိုသည်ကို လေ့လာစောင့်ကြည့်ရုံသာမက လိုအပ်ပါက <u>မိမိတို့၏ကျွမ်းကျင်မှုများဖြင့်</u> ကူညီပံ့ပိုးမှု များပေးနိုင်သည့် အနေအထား၌ပါရှိသည်ကို တွေ့ရသည်။

ပြည်သူ့ရေးရာအဖွဲ့အစည်းများသည် ပြည်သူများ၏လိုအပ်ချက်များကို မိမိတို့ကျွမ်းကျင်ရာနယ်ပယ်အသီးသီးမှ ဝင်ရောက်ဖြည့်ဆည်းလျက်ရှိသည့်အတွက် ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုနှုန်းလျင်မြန်လျက်ရှိသည့်ယနေ့ခေတ်တွင် လူမှုအသိုင်းအဝိုင်းအတွင်းဆောင်ရွက်စရာအရေးကိစ္စများသည်လည်း တိုးတက်များပြားလာနေသည်။ ယခင်အတိတ်ကာလက အစိုးရတရပ်အနေဖြင့် ထမ်းဆောင်ရသည့်တာဝန်ဝတ္တရားများနှင့် ယနေ့ခေတ်အစိုးရများ ထမ်းဆောင်ရသည့်တာဝန်ဝတ္တရားများသည် လုံးဝခြားနားနေသည့်အပြင် လုပ်ငန်းဆောင်တာများသည်လည်းများပြားလာနေသည်။ ထိုသို့သောအခြေအနေတွင် ပြည်သူ့ရေးရာအဖွဲ့အစည်းများက ၄င်းတို့ကျွမ်းကျင်မှုအလိုက် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်လာနေသည့်အတွက် အစိုးရအနေဖြင့် ထမ်းဆောင်ရသည့်ဝန်ထုပ်ဝန်ပိုးများလျော့ကျလာသည်ကိုတွေ့ရသည်။ အစိုးရအနေဖြင့် ထမ်းဆောင်ရသည့်တာဝန်များ လျော့ပါးလာခြင်းသည် ပိုမိုအဓိကျသော ပိုမိုအရေးပါသောကိစ္စရပ်များကို အလေးပေးလုပ်ဆောင်လာနိုင် သည့်အနေအထားသို့ ရောက်ရှိလာနိုင်သည် ဆိုသည့် စဉ်းစားတွေးတောမှုများလည်း ပေါ်ပေါက်လာစေခဲ့သည်။

ထိုအယူအဆ သဘောတရားများကိုလက်ခံသည့် အစိုးရများရှိသကဲ့သို့ မိမိတို့၏လုပ်ပိုင်ခွင့် နှင့် အာဏာများယုတ်လျော့သွားမည်လော ဆိုသည့်ဘက်မှ တွေးတောသည့်အစိုးရများလည်းရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ လူ့အဖွဲ့အစည်းအတွင်း၌ အားပြိုင်လွန်ဆွဲမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများရှိနေမည်မှာဖြစ်သည်၊ ထိုသို့သော အားပြိုင်လွန်ဆွဲမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများက အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရေးနှင့် တိုးတက်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သောအရာများဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြင်းခြံက နိုင်ငံရေးအကျဉ်းသား ၉ ဦး အတွက် ရှေ့နေ ၃ ဦး လိုက်မည်

**DVB | ဒီဇင်ဘာ ၃ ။** ။ မြင်းခြံမြို့မှာ လွန်ခဲ့တဲ့နှစ်လကျော်က အဖမ်းခံရတဲ့ ဒေါက်တာဝင့်သူ၊ ကိုမျိုးဟန်၊ ကိုလှမျိုးကျော်၊ ခေါ် အီးတီ၊ ကိုစိုးရာဇာဖြူ၊ ကိုကိုနိုင်၊ ကိုသန်းထိုက်အောင်၊ ကိုဝေဖြိုး၊ ကိုကြည်စိုးနဲ့ ဦးပဥ္စင်း ဦးနန္ဒဝံသတို့အတွက် တရားရုံးချုပ် ရှေ့နေတွေဖြစ်တဲ့ ဦးမြင့်သွင်၊ ဦးရွှေလှနဲ့ ဦးမျိုးဆွေ ရှေ့နေ ၃ ဦးက လိုက်ပါဆောင်ရွက်မှာပါ။

ဒီ ၉ ဦးကို နယ်မြေခံအထူးရဲက ဖမ်းသွားစဉ်ကတည်းက မိသားစုကို အကြောင်းမကြားပါဘူး။ တဆင့်စကား တဆင့်နားနဲ့ သူတို့တတွေ မန္တလေး အိုးဘိုထောင်မှာရောက်နေတယ်ဆိုတာ မိသားစုဝင်တွေ သိကြပါတယ်။ ဘာကြောင့် ဖမ်းမှန်းလည်း မသိရပေမယ့် လွန်ခဲ့တဲ့ တလလောက်က သူတို့ကို မန္တလေးမြို့ အောင်မြေသာဇံတရားရုံးမှာထုတ်ပြီး ဖြောင့်ချက်ယူသွားတယ်လို့ မျက်မြင်တွေကပြောပါတယ်။ သူတို့တတွေကို တရားစွဲဆိုတယ်ဆိုတာသိလို့ ရှေ့နေပါဝါရယူတာမဟုတ်ဘဲ တကယ်လို့ တရားစွဲရင် လိုက်ပါနိုင်အောင် ထောင်ပိုင်ဆီကတဆင့် ရှေ့နေ လိုက်ခွင့်တောင်းနေတာပါ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကိုဦးမြင့်သွင်က အခုလိုပြောပါတယ်။

"သူတို့ ၉ ယောက်ရဲ့ မိသားစုတွေ လိုက်လာပြီးတွေ့ပါတယ်။ ကျနော်တို့ကလည်း အမှုစစ်ရင်းနဲ့ အဲဒီလို သတင်းတွေကြားရတော့ မိသားစုဝင်တွေကို သွားတွေ့ဖို့၊ အက်စ်ဘီနဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို တွေ့ဖို့ မှာပါတယ်။ ကျနော်တို့ ရှေ့နေပါဝါကို ထိုးခွင့်တောင်းထားပါတယ်။ သူတို့ အနေနဲ့ ထိုးခွင့်ကို မရသေးပါဘူး။ သူတို့မိသားစုတွေကတဆင့် ကျနော် သိရတာက သူတို့ကို အမှုစစ်တဲ့အချိန်ကျရင် အသိပေးပါမယ်။ အခု စစ်ကြောရေးကာလလို့ပဲ ပြောပါတယ်။"

တရားဝင်လမ်းကြောင်းက သိတာမဟုတ်ပေမယ့် မိသားစုဝင်တွေရဲ့ အပြောအရ အဖမ်းအဆီး ခံရသူတွေဟာ တရားမဝင်ငွေကြေး လက်ဝယ်တွေ့မှု၊ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံ လက်ဝယ်မိတဲ့သူကို အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅ ည၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မ၊ နိုင်ငံတော်အကြည်အညို ပျက်စေမှုစတဲ့ ပုဒ်မတွေနဲ့ တရားစွဲခံရဖွယ်ရှိတယ်လို့ သိရပါတယ်။ ဒီနေ့အထိတော့ ကိုယ်စားလှယ်ပါဝါ ထိုးယူခွင့်မရသေးဘူးလို့ ဦးမြင့်သွင်က ပြောပါတယ်။

"ထောင်မှူး၊ ထောင်ပိုင်ကိုပဲ လိပ်မူတပ်ပြီး လျှောက်တဲ့အခါမှာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကို သက်ဆိုင်ရာထောင်မှူး၊ ထောင်ပိုင်တွေက အက်စ်ဘီရဲ့ ခွင့်ပြုချက်တွေနဲ့မှ ထိုးခိုင်းလေ့ရှိပါတယ်။ ကျနော်တို့ အခု ဝင်မေးတယ်ဆိုရင် ဦးရွှေလှတို့သွားတဲ့အခါမှာ ထောင်မှူးထောင်ပိုင်တွေကနေပြီး သူတို့မရှိသေးတဲ့အကြောင်းရယ်၊ အက်ဘီကလည်း သူတို့ လက်မှတ်ထိုးပေးဖို့အတွက် သူတို့မှာ မရှိသေးဘူး။ ကျနော်တို့ ကိုယ်စားလှယ်စာတွေကို ဒီနေ့အထိ သွားယူလို့ မရသေးပါဘူး။ သူတို့စစ်တယ် မစစ်ဘူးဆိုတာ ကျနော်တို့ အတိအကျ မသိရသေးဘူး။"

အချုပ်အနှောင်ခံရသူ ၉ ဦးဟာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို တက်တက်ကြွကြွလုပ်ဆောင်သူတွေဖြစ်ပါတယ်။ သူတို့နဲ့အတူ စက်တင်ဘာ ဖမ်းဆီးမှုအပြီး အိုးဘိုထောင်ထဲရောက်ခဲ့သူ တွေထဲက မြင်းခြံမြို့က ကိုဖြိုးဝေ၊ လှတင်၊ ကိုအောင်မျိုးလတ်၊ အပါအဝင် ၅ ဦးကတော့ မကြာသေးခင်က ခံဝန်နဲ့ပြန်လွတ်လာပါတယ်။ လွန်ခဲ့တဲ့ တလလောက်က သူတို့ကို မန္တလေး အောင်မြေသာဇံတရားရုံးမှာ ရုံးထုတ်ပြီး ဖြောင့်ချက်ယူသွားတယ်လို့ မျက်မြင်တွေက ပြောပါတယ်။

# ကလေး–တမူးကားလမ်းငွေကောက်ခံ

**DVB | ဒီဇင်ဘာ ၄ ။** ။ စစ်ကိုင်းတိုင်း ကလေးမြို့အထွက် ကလေး–တမူး ကားလမ်းမှာ ပုဂ္ဂလိကကုမ္ပဏီက ကန်ထရိုက်ယူပြီး ငွေစတင်ကောက်ခံနေတာကြောင့် ကားခတွေ ဈေးတက်သွားပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့ကအထွက်မှာ မကြာသေးခင်က ဂိတ်သစ်တခု ဖွင့်လှစ်ပြီး လမ်းခွန်ကောက်ခံနေတယ်လို့ မြို့ခံတဦးက ပြောပါတယ်။ အေးအေးခိုင်အမည်ရှိ ကုမ္ပဏီက ကလေးကနေ အိန္ဒိယနိုင်ငံဘက်သွားတဲ့ ကလေး–တမူးလမ်းမှာ ကောက်တာလို့ဆိုပါတယ်။ အဲဒီဂိတ်ဟာ ကလေးမြို့နဲ့ ခြောက်မိုင်အကွာ အင်းတိုင်ကြီးကျေးရွာမှာ ဂိတ်ဖွင့်ပြီး ကောက်ခံနေတာဖြစ်ပါတယ်။ လက်ရှိငွေကောက်မှု အခြေအနေကို မြို့ခံတဦးက ပြောပါတယ်။

"အေးရှားဝေါလမ်းတွေ တောင်မှ ၁၂ ဘီးတစီးကို ၂၀၀၀ ပဲ ပေးရတယ်လို့ပြောတယ်။ အိန္ဒိယက လာဖောက်ပေးတဲ့လမ်းကို သူတို့ ကုမ္ပဏီက ကန်ထရိုက်ယူတာပေါ့။ ပြီးခဲ့တဲ့လကမှစတာ။ ကလေးမြို့မှာ အရင်တုန်းက သွားနေကြတာ ဒီအတိုင်းတိုင်ပဲ ဘာမှပေးစရာမလိုဘူး။ မြို့အဝင် ဘီးခွန်လောက်ပဲ ပေးရတာ။"

ခြောက်ဘီးကားတစီးကို ကုန်ပါရင် တသောင်းခွဲ၊ ကုန်မပါရင် ရှစ်ထောင်ပေးရတယ်လို့ဆိုပါတယ်။ မော်တော်ဆိုင်ကယ်တစီးကို ငါးရာ၊ အိမ်သုံးထော်လာဂျီတစီးကို ထောင့်ငါးရာ၊ ဆယ်ဘီး၊ ဆယ့်နှစ်ဘီးတွေဆိုရင် ကျပ်နှစ်သောင်းကောက်ပါတယ်။ ကားတစီးကို အသွားအတွက် တကြိမ်၊ အပြန်အတွက် တကြိမ် လမ်းဖြတ်သန်းတိုင်း ကောက်ပါတယ်။ အုတ်၊ သဲ၊ ကျောက်၊ ထုံးကား အစီး ၂၀ ကျော်က တစီးကို တနေ့နှစ်ခေါက်တော့ အနည်းဆုံး ပြေးဆွဲနေကြတယ်လို့ဆိုပါတယ်။ တခြားမြို့တွေမှာ ဆယ်ဘီးကားတွေတောင်မှ ကုန်ပါရင် ကျပ်နှစ်ထောင်ပဲကောက်တယ်လို့ဆိုပါတယ်။ ဒီဂိတ်ပေါ်လာပြီးနောက်မှာ ကလေးမြို့ကနေ တမူးမြို့ကိုသွားတဲ့ကားခ ဈေးတက်သွားတယ်လို့ သူက ပြောပါတယ်။

"ကုန်ဈေးနှုန်းတော့ အဲဒီလောက်ကြီး မတက်သေးပါဘူး။ တမူးကား သမားတွေကို ခရီးသွားတော့ ၂၀၀ လောက် ပိုပေးရတယ်ထင်တယ်။" အေးအေးခိုင်ကုမ္ပဏီက ဂိတ်ဖွင့်ငွေ ကောက်ခွင့် သုံးနှစ်ကန်ထရိုက်ရထားတယ်လို့ သူကပြောပါတယ်။ အဲဒီကုမ္ပဏီကို ဆက်သွယ်ဖို့ကြိုးစားပေမယ့် မရသေးပါဘူး။

# ဒေါ်စုကို ထောက်ခံသူ ထောင်ချ

**DVB | ဒီဇင်ဘာ ၄ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံတဲ့ ရန်ကုန်တိုင်း ခရမ်းမြို့နယ်က ဦးပဥ္စင်းတပါးကို ဒီနေ့မှာ စစ်အုပ်စုက ၂ နှစ် ထောင်ချလိုက်တယ်လို့ မိသားစုနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

အဲဒီ ဦးပဥ္စင်းက ခရမ်းမြို့နယ်က အရှင်စန္ဒာတိက ခေါ် ညီညီစံဖြစ်ပြီး ရန်ကုန်တိုင်း ဗဟန်းမြို့နယ်တရားရုံးက တရားသူကြီး ဒေါ်တိုးတိုးရင်က အမိန့်ချခဲ့တာဖြစ်ပါတယ်။ အရှင်စန္ဒာတိက ဟာ ပဲခူးမြို့နယ်ရှိ ဒေးစွန်ပါဘုန်းကြီးကျောင်းမှာ ဒုလ္လဘဝတ်နေချိန် ဩဂုတ်လက အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်တားဆီးမိန့်ချိုးဖောက်မှုနဲ့ ထောင်မိန့်ချတဲ့နေ့မှာ သွားရောက်နား ထောင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သာသနာ့ညှိုးနွမ်းအောင်လုပ်မှု ပုဒ်မ ၂၉၅–က နဲ့ အမိန့်ချလိုက်တာလို့ ပြောပါတယ်။ အမှန်က အရှင်စန္ဒာတိက ဟာ ကျောင်းထိုင်ဆရာတော်ရဲ့ခွင့်ပြုချက်ရပြီး သွားတာလို့မိသားစုဝင်နဲ့ နီးစပ်သူကပြောပါတယ်။

"အန်အယ်လ်ဒီ လူငယ်အဖွဲ့ကနေပြီး ဒုလ္လဘဝတ်ပြီးတော့ ဒေးစွန်ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးဝတ်နေတာ။ အဲဒီလို ဝတ်နေရင်း ဒေါ်အောင်ဆန်းစုကြည် အမိန့်ချတဲ့နေ့က သူ့ကျောင်းထိုင်ဘုန်းကြီးဆီကနေပြီးတော့ ခွင့်ပန်ပြီးတော့ အမိန့်လာနားထောင်တဲ့နေ့မှာ အင်းစိန်ကနေ အန်အယ်လ်ဒီရုံးကိုသွားတယ်။ အပြန်လမ်းမှာ သူ့ကို ကားပေါ်ကို ခေါ်တင်ပြီး ဖမ်းဆီးသွားတာပဲ။"

အမိန့်ချတဲ့ ဒီနေ့မှာ ခရမ်းမြို့နယ်က အဖွဲ့ချုပ်ဝင်လူငယ်တွေ သွားရောက်နားထောင်ခဲ့တယ်လို့သိရပါတယ်။ ရုံးထုတ်လာရာမှာ ဦးပဥ္စင်းဟာ ဖျားနာနေပြီး၊ အူကျတဲ့ရောဂါ ခံစားနေတယ်လို့ဆိုပါတယ်။ ဦးဇင်းရဲ့ ကျန်းမာရေးအတွက် ဆေးဝါးကုသဖို့လိုအပ်ကြောင်း အကျဉ်းဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ထောင်အာဏာပိုင်တွေ၊ ထောင်ဆရာဝန်တွေကလည်း အထက်အာဏာပိုင်တွေဆီ တင်ပြထားပါတယ်။ အထက်အမိန့်မကျလာလို့ ဆေးကုမပေးရဲတဲ့အတွက် အဖျားဝင်တာလို့ တရားရုံးကို သွားနားထောင်ခဲ့တဲ့ ခရမ်းမြို့နယ်လူငယ်တဦးကပြောပါတယ်။

# တရားမဝင် ငါးဖမ်းသင်္ဘောသားများ အင်းစိန်ထောင်တွင် ထိန်းသိမ်း

**DVB | ဒီဇင်ဘာ ၃ ။** ။ မြန်မာ့ရေပိုင်နက်မှာ ဖမ်းဆီးထိန်းသိမ်းလိုက်တဲ့ ထိုင်ဝမ် သင်္ဘောတစင်းမှာပါလာတဲ့ သင်္ဘောသား ၁၂၈ ယောက်ကို အင်းစိန်ထောင်မကြီး ၁ အဆောင်မှာ ထိန်းသိမ်းထားတယ်လို့ ထောင်အသိုင်းအဝိုင်းကနေ သိရပါတယ်။

သူတို့အထဲက တချို့ကိုတော့ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေလို့ ထောင်ဆေးရုံမှာ တင်ထားပေးပေမယ့် ကျန်တဲ့ အဆောင် ၁ မှာ ပို့ထားတဲ့ ငါးဖမ်းသမားတွေကလည်း ချောင်းဆိုး၊ ဖျားနာရောဂါတွေပါလာတဲ့အတွက် အဆောင်မှာရှိနေတဲ့ အကျဉ်းသားတွေအတွက် စိတ်ပူနေရတယ်လို့ အကျဉ်းသားမိသားစုဝင်တဦးက ပြောပါတယ်။

"သင်္ဘောသားတွေမှာ ရေငုက်လို့ ပြောတယ်။ အဲဒီရောဂါတွေ ပါလာတယ်။ ချောင်းဆိုး၊ နေမကောင်းတာတွေဖြစ်နေတယ်။ အခြေအနေဆိုးတဲ့ သူတွေကျတော့ ထောင်ဆေးရုံတွေမှာ တင်ထားတယ်၊ အခြေအနေမဆိုးတဲ့သူတွေကျတော့ အဲဒီ ၁ အဆောင်ဘက်ကို ပို့ထားလိုက်တယ်။ ၁ အဆောင်ဘက်နေတဲ့ အကျဉ်းသားတွေအတွက် စိုးရိမ်ရတာပေါ့။ "

သူတို့ ရောဂါက အခုနောက်ဆုံးပေါ်တဲ့ အိတ်ချ်ဖိုက်အန်ဝမ်းဆိုလား။ အချို့ကျတော့လည်း ရေငုက်တုပ်ကွေးလို့ပြောတယ်။ အဲဒီ ရောဂါတွေက အရမ်းကူးစက်လွယ်တယ်လို့ ပြောတယ်။"

အဆောင်မှာရှိနေတဲ့ ငါးဖမ်းသမားတွေဟာ အဝတ်တထည်ကိုယ်တခုနဲ့ စားစရာလည်းမရှိတာကြောင့် ၁ အဆောင်မှာရှိတဲ့ မြန်မာအကျဉ်းသားတွေဆီက အဝတ်ကအစ ဟင်းစားအဆုံး လိုက်ပြီးတောင်းနေလို့ အကျဉ်းသားတွေက ကူညီနေရတဲ့အကြောင်း အဲ့ဒီလူက ပြောပါတယ်။

"စောင်တွေကလည်းမရှိ၊ အဝတ်တထည်ကိုယ်တခုနဲ့ ရာသီဥတု ကလည်း ညဆိုရင်အေး၊ နေ့ခင်းကျရင်ပူ၊ စားစရာကလည်း လုံလုံလောက်လောက် မရှိ၊ အကျဉ်းသားတွေ ဆီမှာလိုက်ပြီး အလှူခံတယ်၊ ကော်ဖီမစ် တထုပ်တတ်နိုင် တတ်နိုင်၊ ဘာလေးဖြစ်ဖြစ်ပေါ့။ ရှိတဲ့သူလည်း ထည့်ပေါ့၊ မရှိတဲ့သူလည်းမထည့်ဘူးပေါ့။ မထည့်တာများပါတယ်။ ကိုယ့်ဟာနဲ့ကိုယ် ထောင်ဝင်စာက မဝရေစာ စားနေရတာ။"

ထိုင်ဝမ်သင်္ဘောပေါ်က သင်္ဘောသား အများစုဟာ အင်ဒိုနီးရှား၊ ထိုင်ဝမ်နဲ့ တရုတ်တို့က ဖြစ်ပြီး သံရုံးတွေက လာတွေ့တယ်လို့သိရပေမယ့် လူ ၁၀၀ ကျော်စာအတွက်တော့ အလုံအလောက်မပေးနိုင်သေးဘူးလို့ သိရပါတယ်။ ဖမ်းဆီးခံထားရတဲ့ အများစုသင်္ဘောတွေဖြစ်တဲ့ အင်ဒိုနီးရှားလူမျိုးတွေ အတွက် သက်ဆိုင်ရာ သံရုံးဘက်က ဘယ်လို ဆက်သွယ် ကူညီနေတယ်ဆိုတာကို သိရဖို့ ရန်ကုန်အခြေစိုက် အင်ဒိုနီးရှားသံရုံးကို ဆက်သွယ်ခဲ့ပေမယ့် သံရုံးအရာရှိ မရှိ သေးဘူးလို့ ပြောကြားခဲ့ပါတယ်။ နိုဝင်ဘာ ၁၈ ရက်နေ့က မြန်မာရေပိုင်နက်မှာ တရားမဝင် ငါးဖမ်းတဲ့ သင်္ဘော ၁၀ စီးနဲ့အတူ ဒီသင်္ဘောသားတွေကို ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။

အဲဒီအထဲက သင်္ဘောတစင်းဟာ ထိုင်ဝမ်ပိုင် သင်္ဘောဖြစ်ပေမယ့် တရုတ်အစိုးရအနေနဲ့ တရုတ်လူမျိုးတွေကို ကာကွယ်ဖို့တာဝန်ရှိတယ်ဆိုပြီး ဖမ်းထားတဲ့ ငါးဖမ်းသမားတွေကို လွှတ်ပေးဖို့ မြန်မာစစ်အစိုးရကို တောင်းဆိုထားကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦးလည်းပါတာကြောင့် ဖိလစ်ပိုင်သံရုံးက ၃ ကြိမ် သွားတွေ့ခဲ့ပြီးဖြစ်သလို လွှတ်မြောက်ရေးအတွက်လည်း ကြိုးစားနေကြောင်း ပြီးခဲ့တဲ့ အပတ်က အေပီသတင်းတွေအရ သိရပါတယ်။

# လင်းလက်ကြယ်အဖွဲ့ လူငယ်များအပါအဝင် ဂျာနယ်အယ်ဒီတာများ လွတ်ပြီ

**DVB | ဒီဇင်ဘာ ၃ ။** ။ နာဂစ်မုန်တိုင်း ဒုက္ခသည်တွေကို အကူညီပေးမှုနဲ့ ပတ်သက်ပြီး ဖမ်းဆီးခံထားရတဲ့ လင်းလက်ကြယ်အဖွဲ့လူငယ်တွေ အပါအဝင် ဂျာနယ်အယ်ဒီတာ ကိုခန့်မင်းထက်နဲ့ ၃ ဦး စုစုပေါင်း ၁၇ ဦးကို အာဏာပိုင်တွေက မနေ့က ပြန်လွှတ်ပေးခဲ့တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။

လူငယ် ၁၇ ဦးက အလင်္ကာဝတ်ရည်ဂျာနယ် အယ်ဒီတာ ကိုခန့်မင်းထက်၊ ဖောရိမ်းအက်ဖ် ဂျာနယ်အယ်ဒီတာ ကိုသန့်ဇင်စိုး၊ ပြည်မြန်မာဂျာနယ် အယ်ဒီတာဟောင်း ကိုပိုင်စိုးဦးနဲ့အတူ အဖမ်းခံရတဲ့ လင်းလက်ကြယ်အဖွဲ့က ကိုကြီး၊ ဇော်ကြီး၊ လင်းယုန်၊ ရွှေမိုး၊ အောင်မြတ်ကျော်သူ လူငယ်တွေနဲ့ အလှူရှင် သက်ကို၊ မြင့်သိန်းနဲ့ မင်းမင်းတို့ဖြစ်ပါတယ်။ သူတို့အားလုံးကို ပြန်မလွှတ်ပေးခင် အာဏာပိုင်က မိဘတွေကို အောင်သပြေစစ်ကြောရေးစခန်းမှာ ခေါ်ယူတွေ့ဆုံပြီး မိဘတွေလက်ထဲ ပြန်အပ်ပေးခဲ့တာပါ။ လွှတ်လာသူတွေထဲက ကိုခန့်မင်းထက်ရဲ့ ဖခင် ကဗျာဆရာ မောင်စိမ်းနီက ပြောပါတယ်။

"အဲဒီမှာ ၁၇ ယောက်ရှိတယ်၊ မိဘတွေကို ခေါ်ပြီး သူတို့ ပြန်အပ်တာပေါ့၊ သိရှိတဲ့အကြောင်း၊ နောက်နောင် ဒါမျိုးတွေ ကိုယ့်သားသမီးကို ထိန်းသိမ်းပါမယ့်အကြောင်းပေါ့၊ အဲဒါလေးတွေပါပဲ။ နောက်နောင်ဒါမျိုးမဖြစ်အောင် ဝန်ခံကတိပေါ့။ သူတို့လုပ်ခဲ့တဲ့အလုပ်တွေအရ သူတို့ကို အရေးမယူခဲ့ဘူးပေါ့။ သူတို့တွေ အရေးယူမယ်ဆိုရင် ရပါတယ်။ သို့သော် အရေးမယူဘဲနဲ့ တကြိမ်တခါဖြစ်တဲ့အတွက်၊ နောက်ကြောင်းလည်း ရှင်းတဲ့သူတွေ ဖြစ်တဲ့အတွက် ပြန်ပြီးအပ်ပေးတာပေါ့။"

မိဘတွေဘက်က သားသမီးတွေကို ထိန်းသိမ်းပါမယ်လို့ ခံဝန်လက်မှတ်ထိုးရသလို လူငယ် ၁၇ ဦးကိုလည်း အာဏာပိုင်တွေက အခုအမှုအရ ထောင်ချမယ်ဆို ထောင်ဒဏ် ၃ နှစ်ကနေ ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ပေမယ့် ပထမအကြိမ်အဖြစ် ခွင့်လွှတ်လိုက်ပြီး နောက်နောင် ပြည်ပအဖွဲ့အစည်းတွေနဲ့ဆက်သွယ်တာ၊ ငွေကြေးလက်ခံတာတွေကို မလုပ်ပါဘူးလို့ လူငယ် ၇ ဦးကို လက်မှတ်ထိုးခိုင်းခဲ့တယ်လို့လည်း သိရပါတယ်။ ဒီလို မလွှတ်ပေးခင် လွန်ခဲ့တဲ့ ၂ ပတ်လောက်တုန်းက Amnesty International, Humanright Watch နဲ့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့က နာဂစ်မုန်တိုင်း ဒုက္ခသည်တွေကို ကူညီမှုနဲ့ ဖမ်းဆီးထားသူတွေကို လွှတ်ပေးဖို့ ပြင်းပြင်း ထန်ထန်တောင်းဆိုခဲ့ပြီးနောက် လူငယ် ၁၇ ဦးလွှတ်မြောက်လာခဲ့တာပါ။

၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်း ဒုက္ခသည်တွေကို ကူညီမှုနဲ့ ဖမ်းဆီးထောင်ချခံထားရတဲ့ စွယ်စုံအနုပညာရှင် ဇာဂနာ၊ အားကစားအယ်ဒီတာ ဇော်သက်ထွေး၊ နာဂစ်မုန်တိုင်းတွင်း သေဆုံးသူအလောင်းကောင်တွေကို ကောက်မှုနဲ့ ဖမ်းဆီးခံထားရတဲ့ ဒေါက်တာနေဝင်း၊ ဗဟာသကျောင်းသူ မဖြိုးဖြိုး ရှိန်းရာဇာစတဲ့ သူတွေကို ထောင်ဒဏ်နှစ်ရှည်တွေချပြီး နယ်ဝေးထောင်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

**မျက်နှာဖုံးမှ**

နည်းပဲဖြစ်တယ်။ သီးခြား ထူးထူးခြားခြားစဉ်းစားတွေပေါ်စရာတော့ ကျနော်တို့ ဘာမှမတွေ့ပါဘူး"။

ရှေ့နေကြီးဦးညဏ်ဝင်းပြောခဲ့တာပါ။ ပြီးခဲ့တဲ့မေလက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို အမေရိကန်နိုင်ငံသား ဂျွန်ယက်ထော တရားမဝင် ရေကူးဝင်ရောက်ခဲ့မှုနဲ့ပတ်သက်ပြီး နအဖစစ်အုပ်စုက သူ့ကို နေအိမ်အကျယ်ချုပ် စည်းကမ်းဖောက်ဖျက်မှုနဲ့ အရေးယူခဲ့ပြီး ဩဂုတ်လမှာ အကျယ်ချုပ် ၁ နှစ်ခွဲ ထပ်မံချခဲ့တာပါ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေတွေဘက်ကလည်း ဒီအမှုအယူခံကို တိုင်းတရားရုံးမှာ တင်သွင်းခဲ့ပေမယ့် အောက်တိုဘာလမှာ ပယ်ချခံခဲ့ရတာပါ။

**နိုဝင်ဘာ ၁၉၊ Narinjara။**။ နအဖသည် ကျောက်ဖြူဘက်တွင် လက်တူး ရေနံတွင်းများကို တရုတ်လုပ်ငန်းရှင်များအကျိုးအတွက် သိမ်းဆီးခဲ့ကြောင်း။

**နိုဝင်ဘာ ၂၄၊ Khonumthung News။**။ ၂၀၁၀ ရွေးကောက်ပွဲသည် တိုင်းရင်းသားများ၏အကျိုးနှင့် သာတူညီမျှအခွင့်အရေးများပေးနိုင်မည်မဟုတ်ဟု ဒုအကြိမ်ချင်း အမျိုးသားညီလာခံကိုယ်စားလှယ်များမှ ဆို၏။

**နိုဝင်ဘာ ၂၄၊ Narinjara။**။ နအဖသည် မောင်းတောဘက်တွင် ရွေးကောက်ပွဲမတိုင်မီ မူဆလင်များအား အစိမ်းရောင်နိုင်ငံသားလက်မှတ်များထုတ်ပေးမည်ဟုဆိုကြောင်း။

**နိုဝင်ဘာ ၂၆၊ S.H.A.N။**။ နအဖသည် တိုင်းရင်းလက်နက်ကိုင်အဖွဲ့များအား နယ်စောင့်တပ်ဖွဲ့များသို့ကူးပြောင်းခြင်း ထင်သလောက်မအောင်မြင်၍ အဆောတလျင် တပ်သားစုသင်တန်းပေးဖွဲ့စည်းနေကြောင်း။

**နိုဝင်ဘာ ၂၆၊ Kaowao။**။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိရွာများတွင် နေရာကွက်ကျားရှိ ကြံ့ဖွံ့သည် ရွေးကောက်ပွဲလှုပ်ရှားမှုမဲဆွယ်မှုများလုပ်နေကြောင်း။

၂နိုဝင်ဘာ ၂၇၊ **Kachin News Group။**။ နအဖအတားအဆီးများကြားမှ ကချင်မနောပွဲကို ဖန်မော်တွင်ကျင်းပရာ၊ နအဖ တိုင်းစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်မော်သည် အရပ်ဝတ်ဖြင့်၄င်း ၊ KIO မှ ဒုဥက္ကဌ ဒုဗိုလ်မှူးကြီး N'ban La Awng တို့လည်းတက်ရောက်ခဲ့ကြောင်း။

**ဒီဇင်ဘာ ၁၊ DVB။**။ အဖွဲ့ချုပ် အင်္ဂါနေ့ဆုတောင်းအဖွဲ့ မှ နော်အုန်းလှ၊ မချိုချိုလွင်၊ မချိုချိုအားနှင့် မစန်စန်းမြင့်တို့အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့် စွဲချက်တင်လိုက်ကြောင်း။

**ဒီဇင်ဘာ ၁၊ DVB။**။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်္ဂါနေ့ဆုတောင်းပွဲကို ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင်တပြိုင်တည်းကျင်းပခဲ့၏။

**ဒီဇင်ဘာ ၂၊ DVB။**။ မြန်မာစစ်အစိုးရအား ကျူးလွန်ခဲ့သည့်စစ်ရာဇဝတ်မှုများဆိုင်ရာဆွေးနွေးပွဲ ဗြိတိသျှပါလီမန်တွင် ကျင်းပခဲ့၏။ Burma Justice Committee မှ Sappho Dias ၊ ယူကေ ကရင်အမျိုးသားအဖွဲ့ မှ နော်ထူးထူဆာစေးတို့လည်းပါဝင်၏။

**ဒီဇင်ဘာ ၂၊ DVB။**။ ဒေါ်အောင်ဆန်းစုကြည်မှ ဗိုလ်ချုပ်သန်းရွှေထံ ဆွေးနွေးရေးကမ်းလှမ်းချက်ကို မိတ္ထီလာ၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အဖွဲ့ချုပ်များမှ ထောက်ခံကြိုဆိုကြောင်း။

**ဒီဇင်ဘာ ၃၊ DVB။**။ ပဲခူးတိုင်းအတွင်း တပ်ရိက္ခာအတွက် စပါးဈေးသတ်မှတ်ရာတွင် လက်ရှိပေါက်ဈေးထက်များစွာ နည်းကြောင်း။

**ဒီဇင်ဘာ ၃၊ DVB။**။ နာဂစ်မုန်တိုင်းဒုက္ခသည်များကူညီမှုနှင့်ဆက်စပ်၍ အဖမ်းခံနေရသူ လင်းလက်ကြယ်စာရေးစာတည်းအဖွဲ့ ဝင် ၁၇ ဦး ယနေ့ပြန်လွတ်လာကြောင်း။

**ဒီဇင်ဘာ ၃၊ DVB။**။ ဧရာဝတီတိုင်းမှ ဆားလုပ်ငန်းရှင်များ အစိုးရထုတ်ပေးသည့် ချေးငွေတဝက် ပြန်ဆပ်ရန်သတ်မှတ်ချိန် ၂ လကျော်ခဲ့သော်လည်း လေးဦးလျှင်တဦး ပြန်မဆပ်နိုင်ကြောင်း။

**ဒီဇင်ဘာ ၃၊ DVB။**။ နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှုဖြင့် ဖမ်းဆီးခံနေရသူ ဗိုလ်မှူးဟောင်းဝင်းနိုင်ကျော်၊ သူရကျော်(နိုင်ငံခြားရေးဌာန)နှင့် ကိုပုံစိန်တို့၏အမှုကို အင်းစိန်ထောင်တွင်း မြောက်ပိုင်းခရိုင်တရားရုံးမှ ရုံးထုတ်စစ်ဆေးခဲ့ကြောင်း။

**ဒီဇင်ဘာ ၃၊ DVB။**။ ရန်ကုန်ရှိ ကမ္ဘာ့အလုပ်သမားအဖွဲ့ရုံးနှင့် နေပြည်တော်အရာရှိများ၏ခွင့်ပြုချက်ဖြင့် လယ်ပြန်လုပ်ရင်းထောင်ဒဏ်အပေးခံရသူ ဦးသန်းစိုးနှင့် ၁၁ ဦးအမှုအား သရက်ခရိုင်တရားရုံးတွင် အယူခံဝင်မည်ဟု မိသားစုဝင်တဦးမှဆို၏။

**ဒီဇင်ဘာ ၄၊ DVB။**။ မင်းကိုနိုင်ဦးဂမ္ဘီရနှင့်ဇော်ဇော်ထက်ကိုကိုတို့၏ ကျန်းမာရေးအခြေအနေ တနေ့ထက်တနေ့ဆိုးလာကာ အသက်အန္တရာယ်စိုးရိမ်ရ၍ ဆေးကုသခွင့်ရရန်လိုကြောင်း Amnesty International မှ ဆို၏။

**ဒီဇင်ဘာ ၄၊ DVB။**။ ရွေးကောက်ပွဲအကြို ကချင်ပြည်နယ်တိုးတက်ရေးပါတီသည် ဥပဒေထွက်လာရန် စောင့်ဆိုင်းနေရင်း ပါတီဖွဲ့စည်းရန်ကိစ္စများ ပြင်ဆင်နေကြောင်း။

**ဒီဇင်ဘာ ၄၊ DVB။** ။ ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံသူ အရှင်စန္ဒိမာ (လူမည် ကိုညီညီစံ)အား အာဏာပိုင်များမှ ထောင်ဒဏ်၂ နှစ်ချမှတ်လိုက်ကြောင်း။

**ဒီဇင်ဘာ ၄၊ DVB။** ။ မိမိတို့လက်နက်ကိုင်အဖွဲ့များသည် အခြေအနေမကောင်း၍ မူးယစ်ဆေးပိုလုပ်နေသည်ဟု ကုလသမဂ္ဂ၏တင်ပြချက်ကို မြန်မာပြည်မှ လက်နက်ကိုင်တိုင်းရင်းသားများ အဖွဲ့ များမှကန့်ကွက်ငြင်းဆို၏။

**ဒီဇင်ဘာ ၁၊ DVB။**။ ကမ္ဘာ့အတွေးအခေါ်ပညာရှင် ၁၀၀ ရွေးချယ်ရာ ဒေါ်အောင်ဆန်းစုကြည်အား အဆင့် ၂၉ အဖြစ် အမေရိကန်နိုင်ငံခြားရေးမူ မဂ္ဂဇင်းမှ သတ်မှတ်၏။

**ဒီဇင်ဘာ ၁၊ DVB။**။ ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးသာမောင်(ခ) ဗိုလ်သာမောင် (၉၃) သည် ၂၉ နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း။

**ဒီဇင်ဘာ ၄၊ Irrawaddy။**။ နိုဝင်ဘာ ၂၄–၂၈ လေးလပတ် စစ်တပ်ထိပ်သီးဆွေးနွေးပွဲတွင် ဗိုလ်ချုပ်သန်းရွှေသည် လတ်တလောအရေးအခင်းထက် ရွေးကောက်ပွဲလွန် စီးပွားရေးတိုးတက်မှုများအကြောင်းဦးစားပေးခဲ့၍ တက်ရောက်သူများ အံ့အားသင့်ခဲ့ရကြောင်း။ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက် ဘာမှ မပြောဆိုခဲ့ကြောင်း တက်ရောက်သူအချို့မှဆို၏။

**ဒီဇင်ဘာ ၄၊ Irrawaddy။**။ Euro Burma Office ရုံးပုံငွေသည် မြန်မာမှ ရွှေ့ပြောင်းလုပ်သားများ၊ ပစ်ခတ်မှုမကင်းသောဒေသများမှ ပြည်တွင်း အိုးအိမ်အခြေပျက်နယ်လွင့်လူများကို ဦးစားပေးမည်ဟု ထိုရုံးဒါရိုက်တာ Harn Yawnghwe မှဆို၏။

**ဒီဇင်ဘာ ၄၊ Irrawaddy။**။ ကိုပင်ဟေဂင်တွင် ကျင်းပမည့် ကုလအစည်းအဝေးတွင် ဥရောပသမဂ္ဂသည် နအဖဝန်ကြီးချုပ်သိန်းစိန်နှင့် တွေ့ဆုံဖွယ်ရှိကြောင်း။

**ဒီဇင်ဘာ ၄၊ OnLine Asia။**။ ဒေါ်အောင်ဆန်းစုကြည်၏အမှုအယူခံကို လွှတ်တော်ချုပ်မှ ကြားနာရန်လက်ခံခဲ့ကြောင်း။

**ဒီဇင်ဘာ ၄၊ Kantarawaddly Times** ။။ KNPLF အားနယ်စောင့်တပ်အဖြစ်ပြောင်းခဲ့၍ ကရင်ပြည်နယ်ရှိလူများသည် နအဖစစ်တပ်၏ဖိမိုနှိပ်စက်ခြင်းခံရမည်ဟု KNPP မှဆို၏

# သုံးဆယ်ရေကာတာ နွေစပါးအတွက် ဆည်ရေလွှတ်ရန် အခက်အခဲ ဖြစ်နေ

**DVB၊ ဒီဇင်ဘာ ၂။** ။ ပဲခူးတိုင်း သာယာဝတီမြို့နယ်ရှိ နွေစပါး စိုက်ခင်းတွေထံ ဆည်ရေလွှတ်ပေမယ့် ရေတံခါး ယိုယွင်းမှုကြောင့် ခေတ္တဆိုင်းငံ့လိုက်ပါတယ်။ သာယာဝတီမြို့နယ် အရှေ့ခြမ်းကလယ်သမားတွေ နွေစပါးစိုက်ရမယ်လို့ မြို့နယ်အာဏာပိုင်တွေက နိုဝင်ဘာလဆန်းက ညွှန်ကြားခဲ့တာဖြစ်ပြီး ဒီစီမံကိန်းအရ မနေ့က သုံးဆယ်ဆည်ကနေရေလွှတ်ပေးဖို့ စီစဉ်ခဲ့တာပါ။

မနေ့က ရေစမ်းသပ် လွှတ်တဲ့အခါမှာ ရေလွှတ်တံခါး ၂ ထဲက ပိတ်ထားတဲ့ တံခါးပေါက်က ရေစိမ့်ထွက်တာကြောင့် အစီအစဉ်ရပ်နားလိုက်တာလို့ ဒေသခံတဦးက ပြောပါတယ်။

“အောက်အဆင့် ရေတံခါးမှာ ရေတံခါးကို တဆင့်ချလိုက်တဲ့အခါ ရေမလွှတ်ရတဲ့ဘက်က ရေမလုံဘဲနဲ့ ရေလွှတ်ရမယ့်ဘက်ကို ရေမထွက်ဘူး ဖြစ်သွားတယ်။ အဲ့ဒါနဲ့ ပြန်ရပ်လိုက်ရတာ။ ဒီနေ့ ရယကကို ခေါ်ပြီးတော့ အစည်းအဝေးခေါ်တယ်လို့ ပြောတယ်။”

ဒီနေ့ ပြုလုပ်တဲ့ အစည်းအဝေး နောက်ဆက်တွဲကိုတော့ မသိရသေးပါဘူး။ သုံးဆယ်ရေကာတာနဲ့ ပတ်သက်ပြီး တာဝန်ခံဖြေဆိုနိုင်မယ့် သုံးဆယ် ဆောက်လုပ်ရေး ၉ က အကြီးတန်းအင်ဂျင်နီယာ ဦးစိန်ကြည်ကို ဆက်သွယ်ဖို့ကြိုးစားခဲ့ပေမယ့် မအားလပ်ဘူးလို့ဖုန်းကိုင်သူက ပြောပါတယ်။ သာယာဝတီ အရှေ့ခြမ်းက လယ်သမားတွေဟာ တခါမှ နွေစပါးမစိုက်ဖူးသေးတာကြောင့် ဆည်ရေ ဘယ်နေရာအထိရောက်မယ်ဆိုတာ မသိကြသေးဘဲ ရေမရောက်ဘူးထင်တဲ့ နေရာတွေမှာပဲ စိုက်ကြပါတယ်၊ ဒေသတွင်း လယ်မြေသုံးပုံနှစ်ပုံခန့်က ပဲစိုက်ထားကြပါတယ်။ တကယ်လို့ ဆည်ရေသာ ပဲခင်းတွေထဲ ဝင်မယ်ဆိုရင် ဆုံးရှုံးနစ်နာကြလိမ့်မယ်လို့ သာယာဝတီမြို့ခံကပဲ ပြောပါတယ်။

“ဘယ်နေရာလောက် လာမယ်မှန်းမသိဘူး။ ဖ မိုင်လုံးလုံးကို မစိုက်ခိုင်းဘဲထားတယ်။ ကျနော်တို့ အသံပြန်ပေးလိုက်တော့မှ အာဏာပိုင်တွေက တချို့ရေလွှတ်တဲ့နေရာ စိုက်လို့ရပါတယ်လို့ပြောတာ။ လုပ်ငန်းစဉ်ကို အာဏာပိုင်တွေက သေချာမပြောတော့ ဘယ်အပေါက်က ရေဝင်မယ်ဆိုတာမသိရဘဲ လူတွေက မှန်းစိုက်ရင်း သုံးပုံနှစ်ပုံလောက် ပြန်စိုက်ဖြစ်သွားတာ။ ဒီ အရင်းအနှီးက တကေ ၁ သိန်းလောက်ကျတယ်ဆိုတော့ ပျက်သွားတာနဲ့ပေါက်ကွဲမှာ။ လွှတ်သွားပြီဆိုရင်တော့ အရမ်းပျော်သွားမှာပေါ့။”

နွေစပါးစိုက်မယ်ဆိုပြီး ရေစောင့်နေတဲ့ လယ်သမားတွေအတွက် ဆည်ရေမရောက်ရင် ပဲရော စပါးပါဆုံးရှုံးရမယ့် အခြေအနေဖြစ်တယ်လို့ သူကပြောပါတယ်။ ပြီးခဲ့တဲ့ လပိုင်းက အစိုးရသတင်းစာမှာ ရေးသားဖော်ချက်အရ သုံးဆယ်ရေကာတာကနေ ရေလွှတ်မယ်ဆိုရင် လယ်မြေကေ ၅ သောင်းကို ရေပေးနိုင်မယ်လို့ဖော်ပြထားပါတယ်။ စပါးကိုအားထားပြီး ဆည်ရေမျှော်တဲ့ လယ်သမားတွေက နွေစပါးရာသီမှာ ရေအပြည့်မရမှာနဲ့ လုပ်ငန်းမကျွမ်းကျင်သေးလို့ ဆုံးရှုံးမှာကို စိုးရိမ်နေကြပါတယ်။ တခြားနယ်တွေမှာလည်း ဒီလိုအလားတူပြဿနာမျိုးဖြစ်ပွားခဲ့ဖူးပြီး အများကြီး နစ်နာခဲ့ရတယ်လို့ မြို့ခံတွေက ပြောပါတယ်။

# နာဂစ် ၁ နှစ်ခွဲပြည့်၊ အဓိက စိုက်ပျိုးရေးအတွက် အကူအညီတွေ လိုအပ်နေဆဲ

**DVB၊ ဒီဇင်ဘာ ၂။** ။ မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့တာ ၁ နှစ်ခွဲတင်းတင်း ကြာသွားပြီဖြစ်ပေမယ့် မုန်တိုင်းဒဏ် အဆိုးဆုံးခံရတဲ့ မြစ်ဝကျွန်းပေါ်ဒေသက ဘိုကလေး၊ လပွတ္တာမြို့နယ်တွေမှာ အကူအညီလိုအပ်နေဆဲပဲလို့ ဒေသခံတွေက ပြောပါတယ်။

အထူးသဖြင့် နယ်စွန်နယ်ဖျားက ကျေးလက်ဒေသခံတွေဟာ စားဝတ်နေရေးအတွက် ပုံမှန်အနေအထား မရောက်ကြသေးဘူးလို့ ပြောပါတယ်။ လပွတ္တာမြို့နယ်အပိုင် ပိုးလောင်းကြီးကျေးရွာကို စံပြကျေးရွာအဖြစ်သတ်မှတ်ပြီး ဝါဝါဝင်းကုမ္ပဏီက လာဆောက်ထားတဲ့ အိမ်ယာမှာ နေခိုင်းထားပေမယ့် စားဝတ်နေရေးအဆင်မပြေလို့ မိမိနေရပ်ဆီ ပြန်ချင်ကြတယ်လို့ဆိုပါတယ်၊ အဲဒီအိမ်ယာမှာ ပိုးလောင်းကြီး ရွာခံက ၅၀ ရာခိုင်နှုန်းလောက်ပဲ ရှိပြီး ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက ရွာငယ်လေးတွေက လူတွေဖြစ်ပြီး အများစုဟာ အရင်အကူအညီတွေ ရစဉ်တုန်းက စားဝတ်နေရေးခက်ခဲမှုတွေမရှိခဲ့ပေမယ့် အခု အခက်အခဲရှိလာချိန်မှာ နေရင်းရွာတွေဆီ ပြန်ချင်ပေမယ့် ပြန်ခွင့်မပေးဘူးလို့ ကျေးလက်ဒေသခံတဦးက ပြောပါတယ်။

သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ဝမ်းစာအတွက် အဓိကလယ်ယာစိုက်ပျိုးရေးမှာ အထွက်နှုန်းကျသွားတာက ပိုဆိုးတယ်လို့ လပွတ္တာနဲ့ ဘိုကလေးမြို့ခံတွေကပြောပါတယ်၊ သောက်သုံးရေသန့်ရရှိရေးအတွက် ဒီနေ့မှာ ဦးအုန်းကြိုင်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နာဂစ်ကူညီရေးအဖွဲ့လည်း ဘိုကလေးမြို့ကို ရောက်ရှိနေပြီး လိုအပ်တဲ့နေရာမှာ ကူညီပေးဖို့ကွင်းဆင်းနေတယ်လို့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသဟာ အဓိက စပါးစိုက်ပျိုးတဲ့ဒေသဖြစ်တာကြောင့် နိုင်ငံတကာနဲ့ ပြည်တွင်းအကူအညီပေးသူတွေအနေနဲ့လာမယ့် မိုးရာသီအတွက် မျိုးစပါး ပံ့ပိုးပေးဖို့ ဒေသခံတွေက လိုလားနေတယ်လို့ ပြောပါတယ်။

ဒ့ါအပြင် နိုင်ငံတော်စိုက်ပျိုးစရိတ်ချေးငွေနဲ့ ပတ်သက်လို့ လယ်တကေကျပ် ၈ ထောင်ကျော်နှုန်းနဲ့ ထုတ်ချေးပြီး အကန့်အသတ်နဲ့ ချေးပေးတာက အလုပ်မဖြစ်ဘူးလို့ပြောပါတယ်။ ဒါကြောင့် လယ်သမားတွေ အဆင်ပြေနိုင်မယ့် အခြေအနေကို ဘိုကလေးက လယ်သမားတဦးက ပြောပါတယ်။

“စိုက်ပျိုးရေးဘဏ်တွေမှာ ဝန်ထမ်းတွေအများကြီး ထားတယ်။ ဝန်ထမ်းတွေက ခရီးစရိတ်ကို နိုင်ငံတော်က တောင်းပြီး လယ်သမားတွေလက်ထဲ တိုက်ရိုက်လာပြီး ချေးမယ်ဆိုရင် အချိန်ကုန် ငွေကုန်တာ အဆင်ပြေသွားနိုင်ပါတယ်။ ၁ ကေကို ၈ ထောင်ဆိုတာက ဆိတ်ပါးစပ်ကို နှမ်းပက်သလောက်ပဲ။ လယ် ၁ ကေရင်းရတာ အနည်းဆုံး ငွေ ၇ သောင်းနဲ့ ၈ သောင်းကြားမှာရှိတယ်။ ၁ ကေကို ၅ သောင်းနှုန်းနဲ့ စိုက်ကေအလိုက် ချေးမယ်ဆိုရင်အဆင်ပြေမယ်လို့ကျနော်မြင်ပါတယ်။”

အင်္ဂလန်နိုင်ငံရောက် မြန်မာနိုင်ငံသားတွေ စုပေါင်းဖွဲ့ထားတဲ့ ဝိစာရာဏာယဟ လူမှုကယ်ဆယ်ရေးအဖွဲ့က မြစ်ဝကျွန်းပေါ်ဒေသက နာဂစ်ဒုက္ခသည်တွေအတွက် မြန်မာကျပ်ငွေ သိန်း ၁၀၀ မကြာခင်သွား ရောက်လှူဒါန်းမယ်လို့ သိရပါတယ်။ နာဂစ် ၁ နှစ်ခွဲ ပြည့်တဲ့နေ့မှာ ဒီလို သတင်းထွက်ပေါ်လာတာဖြစ်ပြီး ဒီအလှူငွေထဲမှာ မြန်မာနိုင်ငံက ဂီတပညာရှင်တွေ လန်ဒန်မှာ ဖျော်ဖြေခဲ့တဲ့ပွဲက ရတဲ့ရန်ပုံငွေလည်း ပါဝင်မယ်လို့ အဲဒီပွဲကို သွားရောက်သီဆိုခဲ့သူ တေးသံရှင် ဆောင်းဦးလှိုင်က ပြောပါတယ်။

“ကျနော်တို့ အင်္ဂလန်မှာဆိုထားတဲ့၊ ရတဲ့ပိုက်ဆံက သိန်း ၁ ရာလောက်တော့ မကြာခင် လှူနိုင်မယ်လို့ သိရပါတယ်။ ဘယ်ဒေသကို ရွေးမလဲဆို တာတော့ မသိဘူး။ ရန်ပုံငွေရှာထားပေးတဲ့ အင်္ဂလန်က စေတနာရှင်တွေ၊ ဒီပွဲကို ဦးစီးကျင်းပတဲ့သူတွေလာပြီး နာဂစ်ဒေသကို သွားပြီးလှူမှာပါ။ ကျနော်တို့ အနုပညာဘက်ကလည်းသွားမယ်။ သိပ်မကြာခင်မှာ ရောက်ကြမယ်လို့ အဆက်အသွယ်ရထားတယ်။” ဒါဟာ ဝိစာရာဏာယဟ လူမှုကယ်ဆယ်ရေးအဖွဲ့ရဲ့ တတိယအကြိမ်လှူဒါန်းမှုဖြစ်တယ်လို့လည်း သိရပါတယ်။



## AIDS ရောဂါနေ့

ဒီဇင်ဘာ ၁ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ AIDS နေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်ရှိ အဲန်အဲလ်ဒီရုံးချုပ်တွင်ကျင်းပခဲ့ရာ မြန်မာ့ AIDS လုပ်ရှားသူ မဖြူဖြူသင်းနှင့်အဖွဲ့က ဦးဆောင်လုပ်ကိုင်ခဲ့ပါတယ်၊ သူမဟာ ရန်ကုန်မှာ AIDS နဲ့ပတ်သက်ပြီး ကုသမှုပေး၊ ဆေးဝါးဖြန့်ချိပေး၊ အတိုင်ပင်ခံတာတွေကို လုပ်ပေးနေပါတယ်၊ နိုင်ငံရေးပြဿနာတွေမပြေလည်သေးပေမဲ့လည်း ဒီလုပ်ငန်းကို ထိခိုက်စေလို့တော့ မဖြစ်ဘူးလို့ဆိုပါတယ်။ နအဖစစ်အာဏာပိုင်များကလည်း ဒီရောဂါတိုက်ဖျက်ရေးအတွက် ငွေအား လူအားသုံးပြီး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေတယ်လို့ထုတ်ပြန်ပြောဆိုပါတယ်။ **(EARTH TIMES, CHANNEL NEWS ASIA, 1.12.2009)**

## ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင်

အမေရိကန်အခြေစိုက် ထင်ရှားတဲ့မဂ္ဂဇင်းတစောင်ဖြစ်တဲ့ Foreign Policy ကမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကမ္ဘာ့ထိပ်တန်းတွေးခေါ်ပညာရှင် ၁၀၀ စာရင်းထဲတွင် အဆင့် ၂၆ အဖြစ် သတ်မှတ်ဖော်ပြခဲ့တယ်လို့သိရပါတယ်၊ သူမကို အမှောင်ထဲမှသူများအတွက် မျှော်လင့်ချက်သင်္ကေတဖြစ်တယ်လို့ ရေးသားဖော်ပြထားပါတယ်၊ **(IRRAWADDY, 1.12.2009)**

## မြန်မာ့ထိပ်တန်းဟိုတယ်ဆု

ဗြိတိန်အခြေစိုက်ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာအဖွဲ့တဖွဲ့က မြန်မာနိုင်ငံက ဆိဒိုနာဟိုတယ်ကို ၂၀၀၉ ခုနှစ်အတွက် မြန်မာနိုင်ငံရဲ့ထိပ်တန်းဟိုတယ်တခုအဖြစ်နဲ့ အသိအမှတ်ပြုလိုက်တယ်လို့ သိရပါတယ်၊ ၁၆ ကြိမ်မြောက် ကမ္ဘာ့ခရီးသွားဆုချီးမြှင့်ပွဲကို လန်ဒန်မှာကျင်းပခဲ့ပါတယ်။ နိုင်ငံခြားကလာရောက် ရင်းနှီးမြှုပ်နှံထားတဲ့ဟိုတယ်ရဲ့မန်နေဂျာက အခုလိုဆုချီးမြှင့်ခံရတာဟာ ဟိုတယ်ရဲ့ဝန်ဆောင်မှုလုပ်ငန်းကို နိုင်ငံတကာက အသိအမှတ်ပြုရုံတင်မကဘူး၊ မြန်မာနိုင်ငံရဲ့လုပ်ငန်းတွေကိုပါ အသိအမှတ်ပြုရာရောက်တယ်လို့ဆိုပါတယ်။ **(XINHUA, 4.12.2009)**

## ကျေးလက်ဆင်းရဲမွဲတေမှုလျှော့ကျရေး

၂၀၀၁ ခုနှစ် စီးပွားရေးနိုဘဲလ်ဆုရှင် ဂျိုးဇက်ဖ် စတစ်ဂ်လစ်ဇ် ဟာ နအဖရဲ့မြို့တော် နေပြည်တော်ကိုသွားပြီး ကျေးလက်ဒေသဆင်းရဲမွဲတေ မှုလျှော့ကျရေးနဲ့ပတ်သက်တဲ့ပေါ်လစီတွေကို ကျွမ်းကျင်သူတွေ အရာရှိတွေနဲ့ ဟောပြောဆွေးနွေးမယ်လို့သိရပါတယ်။ ယူနက်စကိုက ကြီးမှူးပြီး ဒီဇင်ဘာ ၁၅ ရက်နေ့မှာ ကျင်းပမယ့် ဟောပြောပွဲနဲ့ပတ်သက်ပြီး ယူနက်စကိုထိပ်တန်းအရာရှိတဦးက နိုဘဲလ်ဆုရှင်ရဲ့အခုလိုသွားရောက်တဲ့ခရီးက မြန်မာနိုင်ငံရဲ့စီးပွားရေးနဲ့ပတ်သက်ပြီးဆုံးဖြတ်ချက်ချမှတ်တာတွေနဲ့ ပေါ်လစီတွေတွက်ချက်ရေးမှာ ပိုပြီးတော့ပွင့်လင်းလာနိုင်စေလိမ့်မယ်လို့ ဆိုပါတယ်။ **(AP, 3.12.2009)**

## တနှစ်ပတ်လုံးပြသမယ့်ကျောက်ပြပွဲ

ရန်ကုန်မြို့က ကန်တော်ကြီးဟိုတယ်မှာ ကျောက်မျက်ရတနာပြပွဲကို တနှစ်ပတ်လုံးပြသရောင်းချဖို့ စီစဉ်နေပြီလို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ကျောက်မျက်လုပ်ငန်းတိုးတက်စေဖို့နဲ့ ခရီးသွားလုပ်ငန်းအောင်မြင်စေဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့လုပ်တာဖြစ်တယ်လို့ဆိုပါတယ်။ ပြခန်းပေါင်း ၆၀ ထားရှိမယ့် အဲဒီပြပွဲကို နောင်နှစ်ဆန်းပိုင်းမှာ ဖွင့်လှစ်မယ်လို့သိရပါတယ်။ အဲဒါအပြင် ကျောက်မျက်ဆိုင်ရာလေ့ကျင့်သင်ကြားပေးမှုတွေကိုလည်း လုပ်မှာဖြစ်ပါတယ်။ **(XINHUA, 2.12.2009)**

## မြန်မာပြည်မှ ဒုက္ခသည် ၁၁၀၀၀

ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံးက မလေးရှားမှာရှိနေတဲ့ မြန်မာပြည်သားတွေထဲက ၁၁၀၀၀ ကို ၂၀၀၉ ခုနှစ်အတွင်းမှာ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခဲ့တယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ ချင်းတိုင်းရင်းသားတွေက ၅၀၀၀ လောက်ပါဝင်ပြီး၊ မွန်တိုင်းရင်းသားတွေက ၁၈၀၀ လောက် ကချင်နဲ့ရှမ်းတွေက ၁၀၀၀ လောက်ရှိပြီး ကျန်တဲ့သူတွေကတော့ တခြားတိုင်းရင်းသားတွေလို့ သိရပါတယ်၊ ဒီနှစ်ထဲမှာတော့ ရခိုင်တိုင်းရင်းသားတွေမပါဘူးလို့ ရောဝတီစာစောင်ထဲမှာဖော်ပြထားပါတယ်၊ ကုလသမဂ္ဂက အခုလို အမြောက်အမြား အသိအမှတ်ပြုတာဟာ ပထမဦးဆုံးဖြစ်တယ်လို့လည်း ဆိုပါတယ်။ **(MALAYSIA MIRROR,2.12.2009)**

## ဗိုလ်ချုပ်သန်းရွှေစကားကို အကောင်းမြင်ခြင်း

နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေက မကြာသေးခင်က ကြံ့ဖွံ့အစည်းအဝေးမှာ ၂၀၁၀ ကျရင် ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတစွာနဲ့ ကျင်းပမှာဖြစ်တယ်လို့ပြောခဲ့တဲ့စကားဟာ အနာဂတ်မြန်မာနိုင်ငံငြိမ်းချမ်းသာယာရေးအတွက် အကောင်းဘက်ဆောင်တဲ့လက္ခဏာဖြစ်တယ်လို့ အဲန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးကြည်ဝင်းက ပြောဆိုလိုက်ပါတယ်၊ နိုင်ငံအကျိုးအတွက် လုပ်ဆောင်မယ့်အခွင့်အလမ်းတွေကို ပယ်ချတာမျိုးမရှိတဲ့ မိန့်ခွန်းမျိုးဖြစ်တယ်လို့သုံးသပ်တဲ့အကြောင်း ဆိုပါတယ်။ ၂၀၀၈ အခြေခံဥပဒေနဲ့အညီ ၂၀၁၀ ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတစွာနဲ့ကျင်းပမယ်လို့ပြောတာကိုတော့ ဦးကြည်ဝင်းက ဘာမှပြောဆိုခြင်းမရှိပါဘူး။ အဲန်အဲလ်ဒီကတော့ နအဖကို ဆွယ်တရားဟောနေဆဲပါပဲ။ **(DVB, VOB, 30.11.2009)**

## ကမ္ဘာ့ဝါစာနှင့် လူထုအေးချမ်းသာယာရေး

နအဖစစ်အာဏာရှင်များက ဒီမိုကရေစီရေးလှုပ်ရှားသူ နော်အုန်းလှအပါအဝင် အမျိုးသမီး ၄ ဦးကို ရာဇဝတ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ)အရ ပြည်သူလူထုရဲ့အေးချမ်းသာယာရေးကို နှောင့်ယှက်တယ်ဆိုပြီး စွဲချက်တင်လိုက်တယ်လို့သိရပါတယ်။ လွန်ခဲ့တဲ့ အောက်တိုဘာ ၃ ရက်နေ့က အဖမ်းခံခဲ့ရတဲ့ သူတို့ ၄ ဦးဟာ ဒဂုံမြို့သစ်မှာရှိတဲ့ မကွေးကျောင်းတိုက်မှာရှိတဲ့ ဘုန်းကြီးကို ကမ္ဘာ့ဝါစာ ၄၂ ရွက်လှူဒါန်းခဲ့ပြီး ဒါဟာ လူထုအတွင်း မငြိမ်မသက်ဖြစ်အောင်လှုံ့ဆော်တယ်လို့ အာဏာပိုင်တွေက စွပ်စွဲခဲ့တယ်လို့ သူတို့ရဲ့ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။ **(MIZZIMA, 1.12.2009)**

# ထောင်အတွင်း HIV-AIDS ကိုယ်ခံအားကျဆင်းမှုရောဂါ ကူးစက်

**DVB၊ ဒီဇင်ဘာ ၂။** ။ ထောင်တွင်း ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းလို့ ခုခံအားကျဆင်းမှုရောဂါ HIV/AIDS ကူးစက်ပြီး သေဆုံးတဲ့ အကျဉ်းသားတွေရှိခဲ့ပေမယ့် ဒီအခြေအနေတွေဟာ ပြောင်းလဲတိုးတက်မှုမရှိဘူးလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ AAPPB က ပြောပါတယ်။

အကျဉ်းထောင်တွေအထဲ တခါသုံးဆေးထိုးအပ် မသုံးတာ၊ လိင်တူဆက်ဆံမှုတွေကြောင့် ရောဂါကူးစက်ဖို့ အခွင့်အလမ်းပိုများတယ်လို့ အေအေပီပီဘီက ဆိုပါတယ်။ HIV/AIDS ရောဂါကူးစက်မှုကြောင့် သေဆုံးခဲ့တဲ့ အကျဉ်းသား ၁၀ ဦးနဲ့အထက်ရှိခဲ့ပြီး အဲဒီအထဲ နိုင်ငံရေးအကျဉ်းသားတွေ ပါဝင်ကြောင်း အေအေပီပီဘီ အတွင်းရေးမှူးကိုတိတ်နိုင်က ပြောပါတယ်။

“ကျနော်တို့က တိတိကျကျလိုက်လို့မရတဲ့ ကိစ္စမျိုးတွေရှိပါတယ်။ ဦးလှသန်းဆိုရင် ကျနော်တို့တိတိကျကျသိရသလို ဒီအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကိုကိုးကျွန်းမြို့နယ်အမတ်လည်းဖြစ်တယ်။ သူဟာ ၉၆ ခုနှစ်မှာ အကျဉ်းထောင်ထဲမှာ သေဆုံးခဲ့ပြီး အိပ်ချ်အိုင်ဗွီ ပေါ့စတစ်ဆိုတာ ဆရာဝန်ရဲ့ ထွက်ချက်ရှိပါတယ်။ “ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ကိုစည်သူရဲ့ဆေးစာ အတိအကျ ကျနော်တို့ရထားတယ်။ သူထောင်ထဲမှာ နှစ်အကြာကြီး နေခဲ့တာကြောင့် သေချာပေါက် ထောင်ထဲမှာကူးစက်ခဲ့တဲ့ ရောဂါဆိုတာပြောလို့ရတယ်။ ဒါကလည်း ဆရာဝန်စစ်ချက်ကိုက ပါတာပါ။“

အနူး ခေါ် တင်ဝင်း က သာယာဝတီ အကျဉ်းထောင်မှာ AIDS ရောဂါနဲ့ ဆုံးတယ်။ အိုင်စီအာစီဝင်လာတဲ့ နောက် တခါသုံးဆေးထိုးအပ်တွေ သုံးခဲ့ပေမယ့် အကန့်သတ်ရှိပါတယ်။ ၂၀၀၅ ခုနှစ် နောက် အိုင်စီအာစီ ပြန်ထွက်သွားတော့ တခါသုံးဆေးထိုးအပ်နေရာမှာ အတော်နည်းတဲ့ အခြေအနေမျိုးရှိပါတယ်။”

အေအိုင်ဒီအက်စ် ရောဂါကူးစက်မှုကြောင့် ထောင်တွင်းသေဆုံးခဲ့တဲ့ ကိုကိုးကျွန်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်းဟာ တပ်မတော် (ရေ) မှာ ၁၂ နှစ်ကြာ တာဝန်ထမ်းခဲ့ဖူးပြီး တရားရုံးချုပ်ရှေ့နေတဦးလည်းဖြစ်ပါတယ်။ ဦးလှသန်းကို ၁၉၉၁ ခုနှစ်မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၂၅ နှစ်ချကာ ၁၉၉၆ ခုနှစ်မှာ အင်းစိန်ထောင်အတွင်းကွယ်လွန်ခဲ့တာနဲ့ ပတ်သက်ပြီး ထောင်တွင်း အခန်းချင်းကပ်လျှက် ခဏနေခဲ့ဖူးတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် ဦးဝင်းတင်က ပြောပါတယ်။

“ပြည်သူ့ကိုယ်စားလှယ်လောင်းမှာ ထူးထူးခြားခြား ကိုကိုးကျွန်းလို နေရာမျိုးမှာ စစ်အစိုးရရဲ့ရာဇဝင်တွေကို တုန်လှုပ်သွားလောက်တဲ့ အဖြစ်မျိုးကို ကြုံခဲ့တဲ့ အောင်ပွဲခံခဲ့တဲ့ပုဂ္ဂိုလ်ပေါ့။ ဘယ်လိုမှမထင်ဘူး။”

“တည်းခိုဖို့တောင်မှာ ဒေသခံများက နေရာမပေးဘူးဆိုတဲ့ ပုဂ္ဂိုလ်ဟာ တကယ် ပြည်သူတွေရဲ့ လျှို့ဝှက်မဲဆန္ဒပေးတော့ ကိုကိုးကျွန်းမှာ အောင်ပွဲခံခဲ့တဲ့အတွက် ဦးလှသန်းကို တလျှောက်လုံး သူ့ရဲကောင်းတယောက်လို သဘောထားတယ်။ “ကျနော်ကိုယ်တိုင် အကျဉ်းကျခံနေရပြီး အစာတော်ခံတိုက်ပွဲ ဝင်ခါနီးမှာ ဦးလှသန်းကလည်း အော်ဟစ်ပြီး ဘေးကရဲဘော်တွေကို အသိပေးလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ တသသနဲ့ တွေ့ချင်ရက်နဲ့ မတွေ့လိုက်ရတဲ့ ပုဂ္ဂိုလ်ပါ။”

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ဦးဘိုနီအောင်ဟာ ထောင်ကလွတ်ပြီး မကြာခင် ခုခံအားကျဆင်းတဲ့ ရောဂါနဲ့ ၂၀၀၁ ခုနှစ် ဇွန်လမှာ ကွယ်လွန်ခဲ့ပါတယ်။

“ထောင်ထဲဝင်တဲ့အချိန် သူဘာမှ မဖြစ်ဘူး။ ထောင်ကထွက်တဲ့အချိန်မှ ညှဉ်းပမ်းနှိပ်စက်ခံရပြီး စိတ္တဇရောဂါ ဖြစ်လာတာပါ။ စိတ်ဝေဒနာသည်အနေနဲ့ကျမနဲ့သိတယ်။ သူအပြင်ရောက်တဲ့အခါ ကျမနဲ့မောင်နှမလိုပဲခင်မင်ပြီး သူ့ကျန်းမာရေးကို ကျမစောင့်ရှောက်ဖြစ်တယ်။ အဲဒီလို ကုသနေရင်းနဲ့ တဖြည်းဖြည်း ရောဂါစုံလာတော့ ဘားလမ်းဆေးရုံတက်ပြီး ကုတဲ့အခါ သွေးတွေဘာတွေ စစ်ကြည့်တော့ အိပ်ချ် အိုင်ဗွီ ကူးစက်ခံထားရတယ်လို့ သိရတယ်။“

ဆေးရုံဆင်းပြီး ၂ လအတွင်း သူဆုံးသွားတယ်။ ထောင်ထဲမှာ နေကတည်းက သူ မကြာခဏ နေမကောင်းဖြစ်တယ်။ ဆေးထိုးအပ်ကနေ ကူးတာ။ ကျမကို အဲလိုပဲ ပြောတယ်၊ သူက ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကောင်းတယ်၊ ယုံကြည်ချက်ခိုင်မာတယ်။ အင်မတန်တော်တဲ့ လူတယောက်ပါ။”

တခါသုံး ဆေးထိုးအပ် အသုံးပြုမှုမရှိတာနဲ့ပတ်သက်လို့ အင်းစိန်ထောင်အတွင်း ခဏခဏဆေးရုံတက်ခဲ့ဖူးတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်က သူ့အတွေ့အကြုံကို ပြောပါတယ်။

“၉၁ လောက်မှာ ကျနော် ထောင်ဆေးရုံကို တက်ဖူးတယ်၊ ကျနော်စပြီးတက်တဲ့အချိန် အနားကလူတွေက ကျနော့်ကို အဘဆေးထိုးမခံနဲ့လို့လှမ်းအော်ပြောတယ်။ ကျနော်က သိပ်နားမလည်ဘူး။ နောက်မှ ကျနော်သိရတာ။ တအပ်တည်းနဲ့ ဆေးရုံတရုံကို တသက်လုံး သုံးနေသလား မသိဘူး။ ကျနော့်အမြင်ပေါ့။ ကျနော့်အတွေ့အကြုံအရ ကျနော့်အခန်းဘေးကလူတွေကို ဆေးထိုးတဲ့အခါ ဆေးထိုးတဲ့လူက ဝန်ထမ်းမဟုတ်ဘူး။ သာမန်ထောင်ကျတွေကို ခိုင်းတယ်။ “ကျနော့်မျက်စိထဲမှာ ဒီနေ့အထိမြင်နေတယ်။ သာမန်ထောင်ကျတွေက ဆေးထိုးအပ်တွေ၊ ဘာညာတွေ အကုန်ထည့်ထားတဲ့ ဆေးပန်းကိုင်လာတယ်။ အဲ့ဒီလူတွေက ဘာမှမပြောတော့ဘူး။ လူနာတယောက်၊ နှစ်ယောက်၊ သုံးယောက်ကို အပ်တခုတည်းနဲ့ ဆေးအစုံကို စုပ်ပြီးထိုးသွားတာပဲ။”

အခြေနေတွေဟာ လက်ရှိမှာ တိုးတက်ပြောင်းလဲမှုမရှိတဲ့အပြင် နယ်ထောင်တွေက အကျဉ်းသားတွေရဲ့ ကျန်းမာရေး အခြေအနေလည်း ပိုပြီးစိုးရိမ်စရာကောင်းတယ်လို့ အေအေပီပီဘီ အတွင်းရေးမှူး ကိုတိတ်နိုင က ပြောပါတယ်။

---

# ၄ ကြိမ်မြောက် ကုန်စည်ပြပွဲ ကျင်းပ

**DVB၊ ဒီဇင်ဘာ ၂။** ။ မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို ဒီနေ့မနက်ပိုင်း မူဆယ်တဘက်ကမ်း တရုတ်နိုင်ငံ ကျယ်ဂေါင် နယ်စပ်စီးပွားရေးဇုံ၊ နိုင်ငံတကာကုန်သွယ်ရေး ကုန်စည်ပြပွဲ စင်တာမှာ ကျင်းပဖွင့်လှစ်ပြီး ၂ နိုင်ငံက ကုန်စည်တွေကို ခင်းကျင်းပြသ ရောင်းချနေပါတယ်။

ကုန်စည်ပြပွဲ ဖွင့်ပွဲကို မြန်မာဘက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဒုဗိုလ်မှူးကြီးလှမောင်ဦး၊ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုံတာဝန်ခံ ဒုဗိုလ်မှူးကြီး ရန်နိုင်ထွန်း၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဗိုလ်မှူးဇော်ဖြိုးဝင်း၊ မူဆယ်ခရိုင်ဥက္ကဋ္ဌဦးထွန်းမင်းဇော်တို့ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်က ယူနန်ပြည်နယ် ဒုအုပ်ချုပ်ရေးမှူး၊ တယ်ဟုန်ခရိုင်နဲ့ ရွှေလီမြို့အာဏာပိုင်တွေတက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဒီဇင်ဘာ ၂ ရက်နေ့ကနေ ၆ ရက်နေ့အထိ ၅ ရက်ကြာပြုလုပ်သွားမှာဖြစ်ပါတယ်။

အခမ်းအနားကို ထိုင်းနိုင်ငံ အာဏာပိုင်တချို့နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေတက်ရောက်ပါတယ်။ မြန်မာဘက်က ပင်လယ်ရေထွက်ပစ္စည်းတွေ၊ လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ သစ်တောထွက်ပစ္စည်းတွေ ပြသရောင်းချနေပြီး တရုတ်ဘက်က လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ လယ်ယာသုံးနဲ့ အခြားစက်ကိရိယာပစ္စည်း၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ အစားအသောက်နဲ့ အဝတ်အထည်တွေ ပြသထားပါတယ်။ တရုတ်အာဏာပိုင်တွေက ဆိုင်ခန်းအများအပြား စီစဉ်ထားပေမယ့် စီးပွားရေးသမား အနည်းငယ်သာ လာရောက်ခင်းကျင်းပြသပါတယ်။ ကုန်စည်ပြပွဲကျင်းပစဉ်မှာ ၂ နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ကုန်သည်ကြီးများ အစည်းအဝေး၊ မန္တလေးကုန်သည်ကြီးများနှင့် တရုတ်ကုန်သည်ကြီးများ အစည်းအဝေး၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ကုန်သည်ကြီးများ အစည်းအဝေး၊ မြန်မာကျောက်မျက်အသင်း ကိုယ်စားလှယ်များနှင့်ဆွေးနွေးပွဲ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု လက်မှတ်ထိုးခြင်း အခမ်းအနားနဲ့ မူဆယ်မြို့ ဂေါက်ကွင်းမှာ ၂ နိုင်ငံ ဂေါက်ရိုက်ပြိုင်ပွဲတွေ ပြုလုပ်မယ်လို့သိရပါတယ်။ ဒီနှစ် ၂ နိုင်ငံ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံက ဦးဆောင်ကျင်းပတာဖြစ်ပြီး “သဟဇာတရှိရေး၊ အတူတကွ တိုးတက်ရေး၊ ဘက်ပေါင်းစုံဖလှယ်ရေး၊ အတူတကွ အကျိုးဖြစ်ထွန်းရေး” လို့ ကြွေးကြော်ထားပါတယ်။ တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို ၂၀၀၁ က စတင် ပြုလုပ်ခဲ့တာ ဖြစ်ပြီး မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံမှာ တလှည့်စီ ကျင်းပနေတာ ဖြစ်ပါတယ်။

# သရက်ထောင်က လယ်သမား ၁၂ ဦးအတွက် အယူခံဝင်မည်

**DVB ၊ ဒီဇင်ဘာ ၃ ။** ။ ရန်ကုန်–အိုင်အယ်လ်အိုရုံးနဲ့ နေပြည်တော်အရာရှိရဲ့ ခွင့်ပြုချက်နဲ့ ယာပြန်လုပ်ရင်း ထောင်ဒဏ်အသီးသီးချခံရတဲ့ ဦးသန်းစိုးအပါအဝင် အောင်လံမြို့နယ်က လယ်သမား ၁၂ ဦးအတွက် မနက်ဖြန်မှာ သရက်ခရိုင်တရားရုံးကို အမှု အယူခံတင်မယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁၆ ရက်က မြေကျော်နင်းမှု၊ အကျိုးစီးပွား ဖျက်စီးမှုနဲ့ စွဲချက်တင်ပြီး ထောင်ဒဏ်ချလိုက်တဲ့အပေါ် ဥပဒေကြောင်းအရ မညီညွတ်တဲ့အကြောင်း အယူခံတင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘိုးဘွားပိုင်လယ်ယာမြေကို အာဏာပိုင်တွေက အဓမ္မသိမ်းယူတဲ့အပြင် အမှုမဖြစ်ဖြစ်အောင်လုပ်ပြီး ထောင်ချခဲ့တာလို့ မိသားစုဝင်တွေက ပြောပါတယ်။ ဒီလို ထောင်ကျခံရတာဟာ မြို့နယ်မြေစာရင်းရုံးဌာနက တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်တယ်လို့ မိသားစုဝင်ကပြောပါတယ်။

"ကျနော်တို့ ဘက်က တင်ပြတယ်။ အားလုံးအချက်အလက်တွေ ပေးနိုင်တယ်။ မပေးနိုင်တာတခုက ဘာလဲဆိုတော့ အဲဒီ ၁၂ ရက်၊ ၃ လ၊ ၂၀၀၈ ခုနှစ်မှာ ဗိုလ်မှူးယုလွင်အောင်နဲ့ စတိဗ်မာရှယ်တို့ မယကရုံးထဲမှာ ကျနော်တို့ ညှိနှိုင်းဆွေးနွေးတိုင်ပင်လိုက်တဲ့အခါ ကျနော်တို့ကို ဒီယာမြေတွေကို ရပိုင်ခွင့် ကျနော်တို့ကို ပေးပြီးသား၊ သဘောတူပြီးသား စာရွက်မှာ လက်မှတ်ထိုးခိုင်းတယ်။ အဲ့ဒါကို ကျနော်တို့ လက်ထဲကို မပေးဘူး။ မပေးတဲ့အခါ ကျနော်တို့ လက်ထဲမှာ စာရွက်စာတမ်းကိုမပြနိုင်ဘူး။ မပြနိုင်တော့ ကျနော်တို့က အထက်အာဏာပိုင်ပုဂ္ဂိုလ်တွေကိုယ်တိုင်ချမှတ်ပေးပြီးသားပဲ၊ စတိဗ်မာရှယ်တို့ကိုယ်တိုင်ပေးပြီးသားပဲ။ ကျနော်တို့ တောင်သူတွေက ဝင်ပြီးလုပ်ကြ ထွန်ကြတာ။ အဲဒီ အထောက်အထား မပြနိုင်လို့ ဒီဥစ္စာက မပေးလို့ဆိုပြီး ထောင်ချလိုက်တာပေါ့။"

အခု ထောင်ချမှုဟာ အာဏာပိုင်တွေက လက်စားချေတဲ့ သဘောဖြစ်နေတယ်လို့ သိရပါတယ်။ ဒါ့ပြင် ဘိုးဘွားပိုင်မြေယာမှာ စဉ်ဆက်လုပ်ကိုင်လာတဲ့ မြေယာတွေဖြစ်နေတာကတကြောင်း၊ အာဏာပိုင်တွေက အဓမ္မသိမ်းယူခဲ့ပြီး တာတောင် အိုင်အယ်လ်အိုနဲ့ နအဖအရာရှိတို့ ခွင့်ပြုချက်နဲ့လုပ်ခွင့်ပြန်ရပြီးဖြစ်လို့ တောင်သူတွေအပေါ် စွပ်စွဲချက်တွေဟာ အထမမြောက်ဘူးလို့ တောင်သူမိသားစုဝင်က ပြောပါတယ်။ ဦးသန်းစိုးအပါအဝင် လယ်သမား ၁၂ ဦးက အောင်လံမြို့နယ် စမ်းကလေးကျောင်းစုရွာက ဖြစ်ပြီး၊ ယာမြေဧက ၁၀၀ ကျော်ပိုင်ဆိုင်ထားသူတွေဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်က အမှတ် ၅ သကြားစက်ရုံက ကြံစိုက်ခိုင်းပြီး အဓမ္မမြေယာသိမ်းတဲ့ စမ်းကလေးကျောင်းစုအပါအဝင် ရွာပေါင်း ၉ ရွာက ပိုင်ဆိုင်တဲ့ ဧက ၁၀၀၀ ကျော်ထဲက အစိတ်အပိုင်းတခုဖြစ်ပါတယ်။

အလားတူ မကွေးတိုင်း နတ်မောက်မြို့က နယ်မြေခံစစ်တပ်ရဲ့ လယ်ယာသိမ်းမှုနဲ့ ပတ်သက်ပြီး သရက်မြို့အကျဉ်းထောင်မှာ ထောင် ၁၀ နှစ်ကျသွားတဲ့ အောင်လံနယ်သားကိုဇော်ဌေးက စားသောက်ရေးအခက်အခဲဖြစ်နေပါတယ်။ ထောင်ဝင်စာတွေ့ခွင့်ကို တခြားအကျဉ်းသားတွေ နည်းတူမရတဲ့အတွက် အခက်အခဲ ဖြစ်နေတာပါ။ ပြီးခဲ့တဲ့ စနေနေ့တုန်းက ဦးသန်းစိုးတို့ လယ်သမားတွေကို မိသားစုဝင်တွေကို ထောင်ဝင်စာတွေ့ခဲ့စဉ် သိခဲ့ရတာလို့ အဲ့ဒီလူက ပြောပါတယ်။

"ထောင်ထဲမှာ နိုင်ငံရေးသမားတွေလည်း ကျထားတာရှိတယ်။ လူတွေ အချင်းချင်းအထဲမှာ သူများတွေ ကျတော့ တလကို နှစ်ကြိမ်တွေ့ခွင့်ရတယ်တဲ့။ သူ့ကျတော့ တလမှ တကြိမ်ပဲတွေ့ခွင့်ရတယ်တဲ့။ သူဆိုတာက နတ်မောက်ကိစ္စနဲ့ပတ်သက်ပြီး အိုင်အယ်လ်အိုကို တိုင်ကြားရင်း ထောင်ကျသွားတာ။ အဲတော့ သူ့မှာ သူ့ရဲ့မယားမှာ မိသားစုလေးယောက်ရှိတယ်။ ကျောင်းသားတွေချည်းပဲ။ အဲတော့ သူ့ရဲ့အိမ်သားဆိုရင် မိသားစုလေးယောက် တာဝန်ကိုထမ်းရသေးတယ်။ ကျောင်းစရိတ်ကိုလည်း ထမ်းရသေးတယ်။ သူက မရှိဆင်းရဲတဲ့သူဆိုတော့ တလကို တကြိမ်သွားတွေ့တဲ့အခါမှာ တလလုံး စားသောက်ဖို့ သူ့မှာမဖြည့်ဆည်းပေးနိုင်ဘူး။ မပို့နိုင်တော့ ကိုဇော်ဌေးက ထောင်ထဲမှာ စားရေး သောက်ရေး အခက်အခဲရှိတာပေါ့။"

ကိုဇော်ဌေးက အောင်လံမြို့နယ် အဖွဲ့ချုပ်ဝင်ဖြစ်ပြီး၊ မကွေးတိုင်း နတ်မောက်မြို့နယ်က လယ်ဧက ၅,၀၀၀ ကျော်ကို နယ်မြေခံစစ်တပ်က လျော်ကြေးမပေးဘဲ သိမ်းယူတာကို ရန်ကုန်ရှိ အိုင်အယ်လ်အိုရုံးဆီ တိုင်ကြားပေးခဲ့သူဖြစ်ပါတယ်။ ဒါကို အာဏာပိုင်တွေက အစိုးရလျှို့ဝှက်ကိစ္စ ပေါက်ကြားမှုနဲ့ တရားစွဲထောင်ချလိုက်တာပါ။

# တပ်ရိက္ခာအတွက် စပါးများဈေးနှိမ်ဝယ်ရာတွင် လယ်သမားများ နစ်နာ

**DVB ၊ ဒီဇင်ဘာ ၃ ။** ။ ပဲခူးတိုင်းအတွင်း တပ်ရိက္ခာအတွက် စပါးဈေးသတ်မှတ်ရာမှာ လက်ရှိပေါက်ဈေးနဲ့ အတော်လေးကွာနေပါတယ်။ ပဲခူးတိုင်း ညောင်လေးပင်မြို့မှာ လက်ရှိစပါးပေါက်ဈေးက ၃၃၀,၀၀၀ ကျပ်ဖြစ်ပေမယ့် တပ်ရိက္ခာအတွက် စပါးဝယ်မယ့် ဈေးက ၂၆၀,၀၀၀ ကျပ် ဖြစ်တယ်လို့မြို့ခံလယ်သမားတွေက ပြောပါတယ်။

ဒီအခြေအနေမှာ ကုန်သည်တွေကလည်း သူတို့အကျိုးမြတ်ကို တွက်ပြီး ဈေး ထပ်နှိပ်ဖို့ရှိလို့ အတော်လေး နစ်နာရမယ့် အခြေအနေလို့ လယ်သမားတဦးက ပြောပါတယ်။

"ဒီနှစ် စပါးပေါက်ဈေးက ကောင်းပါတယ်၊ စပါးအမျိုးအစား အလိုက်ကိုပေါက်ဈေးကောင်းတယ်။ စပါးအုပ်စုမှာဆိုရင် အခုကျနော်တို့ဘက်မှာ စိုက်နေတဲ့ ညော့်မထ အုပ်စု၊ ရွှေဝါထွန်းနဲ့ မနော်စပါးတွေကတော့ ၃၃၀,၀၀၀ ကျပ် ရောင်းရတယ်။ ဇစိန်အုပ်စု ကျော်ဇေယျ စပါးက ၃၀၀,၀၀၀ ကျပ် ဈေးလောက်ပေါက်တယ်။ "ဒီဘက်မှာ ကုန်သည်တွေက ဈေးကောင်းပေးထားပေမယ့် မနှစ်ကလို စစ်တပ်က အခု ၂၆၀,၀၀၀ ကျပ်ဆိုပြီး ကုန်သည်တွေဆီက ဈေးဖွင့်ပြီး ဝယ်နေတယ်။ အဲဒီလိုဝယ်လိုက်တော့ ကုန်သည်တွေက ကျနော်တို့ လယ်သမားတွေကို မနှစ်ကလိုပဲ ဈေးနှိမ်ပြီး ၂၀၀,၀၀၀ ကျပ် လောက်ပဲပြန်ဝယ်တယ်။"

"ကျနော်တို့က ဈေးကောင်းတွေရနေပေမယ့် လက်ရှိက ပဲစိုက်ချိန်ဖြစ်နေတော့ လယ်ထဲမှာ ပဲလုပ်ငန်းအတွက် ထွန်ယက်စိုက်ပျိုးနေရတဲ့ အချိန်ဖြစ်နေတော့ လယ်ကွက်ထဲမှာ ကောက်လိုင်းတွေ ဒီတိုင်းပဲ ပုံထားရသေးတယ်၊ သလင်းတောင် မလုပ်ရသေးဘူး၊ စပါးတွေကလည်း မစီရသေးဘူး။ အဲတော့ အရှုံးနဲ့ရင်ဆိုင်ရောင်းရအုံးမှာပဲ။ ဒီနှစ်လည်းမနှစ်ကလိုပဲ။"

မနှစ်တုန်းကလည်း စပါးပေါက်ဈေး ၂၆၀,၀၀၀ ရှိချိန်မှာ တပ်ရိက္ခာအတွက် စပါးဈေးက ၂၃၀,၀၀၀ သတ်မှတ်ပြီး ကုန်သည်က ၁၇၀,၀၀၀ ဈေးနဲ့ဝယ်လို့ မနှစ်က စိုက်ပျိုးစရိတ် အကြွေးတောင် မကျေသေးဘူးလို့ အဲဒီလယ်သမားကပဲ ဆက်ပြောပါတယ်။

"စိုက်ပျိုးစရိတ်က လုံးဝမကာမိတော့ဘူး။ ဈေးကောင်းလေးရလို့ရောင်းရရင်တော့ နည်းနည်းသက်သာတာပေါ့။ မနှစ်က တင်ထားတဲ့ အကြွေးတွေ ဆပ်နိုင်တာပေါ့။ အခုလိုမျိုး ထပ်ရှုံးအုံးမယ်ဆိုရင် မနှစ်ကအကြွေးတွေတောင် ဘယ်လိုဆပ်ရမှန်းမသိဘူး။ အခု နွားသုံးကောင်တော့ မျက်ခုံးလှုပ်နေပြီ၊ ရောင်းဖို့ပဲ ကျန်တယ်။ "အဓိက ကျနော်တို့ ပြောချင်တာက ငွေကြေးချမ်းသာတဲ့၊ အာဏာရှိကြတဲ့အဖွဲ့တွေ ဈေးပြိုင်စနစ်တွေ လုပ်တယ်ဆိုပေမယ့် ကျနော်တို့ မသိနားမလည်တဲ့ ဒုက္ခရောက်တဲ့ ပင်ပင်ပန်းပန်းလုပ်ထားတဲ့ လယ်သမားတွေ မျက်နှာတော့ ထောက်ထားသင့်တယ်။ ကျနော်တို့က စပါးတွေကို ဈေးကောင်းနဲ့ရောင်းချင်တာပေါ့။ အဲဒီလို ဈေးပြိုင်စနစ်တွေနဲ့ တဦးကိုတဦး လုပ်မယ်ဆိုရင် အချိန်ကာလကိုစောင့်ကြပေါ့။ လယ်သမားရိတ်သိမ်းပြီး ရောင်းချပြီးမှ ကုန်သည်ကို သူအနိုင်ကိုင်ပြီး ဝယ်ချင်ဝယ်ပေါ့၊ ဈေးပြိုင်လိုက်လုပ်မယ်ဆိုရင် ကျနော်တို့နစ်နာတာပေါ့။"

သာယာဝတီမြို့နယ်မှာ စပါးဈေး ၃၆၀,၀၀၀ ကျပ် ပေါက်ဈေးရှိပြီး တပ်ရိက္ခာအတွက် စပါးဈေး မသတ်မှတ်ရသေးဘူးလို့ မြို့ခံလယ်သမားတဦးက ပြောပါတယ်။ တပ်ရိက္ခာအတွက် စစ်တပ်က စပါးဈေးပြောလာရင် ဈေးပိုရအောင်လို့ ကုန်သည်တွေက ဆန်ဈေးကျပေမယ့် စပါးဈေးကို တင်ထားတယ်လို့ပြောပါတယ်။

# ဆားထွက်နည်း၍ ဆားလုပ်ငန်းရှင်များ အစိုးရချေးငွေ ပြန်မဆပ်နိုင်

**DVB၊ ဒီဇင်ဘာ ၃။** ။ ရောဝတီတိုင်းက ဆားလုပ်ငန်းရှင်တွေကို အစိုးရ ထုတ်ပေးထားတဲ့ ချေးငွေတဝက်ပြန်ဆပ်ဖို့ သတ်မှတ်ချိန် ၂ လ ကျော်လွန်ပြီ ဖြစ်ပေမယ့် ၄ ပုံ ၃ ပုံလောက်က ပြန်မဆပ်နိုင်ကြဘူးလို့ ဆားလုပ်ငန်းရှင်တွေက ပြောပါတယ်။

နာဂစ်မုန်တိုင်းအပြီး ပြန်လည်ထူထောင်ချိန် သတ္တုတွင်းဝန်ကြီးဌာနရဲ့ အာမခံချက်နဲ့ အစိုးရက ရောဝတီတိုင်း လပွတ္တာမြို့နယ်က ဆားလုပ်ငန်းရှင်တွေကို လုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် မနှစ်က တနှစ်ကို တဝက်နှုန်းနဲ့ ၂ နှစ်ပြန်ဆပ်ရမယ်လို့ ပြောပြီး ထုတ်ချေးခဲ့တာကြောင့် အခု ရာသီချိန် တနှစ်အကုန်မှာ ချေးငွေတဝက်ပြန်ဆပ်ခိုင်းတာပါ။ ဆားလုပ်ငန်းကို အဓိက လုပ်ကိုင်နေတဲ့ လပွတ္တာမြို့နယ်က ဆားဖိုသူကြီးတဦးက ပြန်မဆပ်နိုင်တဲ့ အဓိက အခက်ခဲတွေကို ပြောပါတယ်။

“ရာသီဥတု ဖျက်သွားလို့ ဆားမထွက်တာရယ်၊ လုပ်ရင်းကိုင်ရင်းနဲ့ အလုပ်သမားအခက်အခဲ၊ စက်ကိရိယာ အခက်အခဲ အဲဒီလို အခက်အခဲအများကြီးနဲ့ လုပ်ကိုင်လာပြီး ဆားမထွက်တော့ တကယ်လုပ်ပြီး လျှော့ရင်း တက်ကျိုးသလိုဖြစ်တာ။ အခုဆိုရင် ဆားက ဝယ်လက်တောင်မရှိဘူး။ ကျနော်တို့ လုပ်ငန်းရှင်တွေက ပေးတော့ ပေးချင်ကြတယ်၊ မပေးနိုင်ဘူးဆိုတော့ ငြိမ်နေရတာ။”

မနှစ်က ဆားဈေးဟာ တပိဿာကို ကျပ် ၂၅၀ အထိ ရှိပေမယ့် ဒီနှစ် ၆၀–၁၀၀ ဈေးအထိ ကျနေတာတောင် ဝယ်သူမရှိဘူးလို့ ဆားဖိုသူကြီးက ပြောပါတယ်။ နာဂစ်မုန်တိုင်းပြီးကာစ ရောဝတီတိုင်းက ဆားကွင်းတွေ ပျက်သွားချိန်တုန်းက ရခိုင်ပြည်နယ်နဲ့ ထိုင်းနိုင်ငံဘက်က ဆားတွေ မြန်မာပြည်ထဲကို သွင်းလာရာကနေ မြန်မာ့ ဆားဈေးကွက် ပျက်သွားတာလို့ သူက ပြောပါတယ်။

“တချို့က ဆားလေးကျန်တာလေး ရောင်းပြီး လုပ်ဖို့ကိုင်ဖို့တောင်မှ အခု ရခိုင်နဲ့ ထိုင်းဘက်က ဝင်နေတော့ ဝယ်လက်မရှိဘူး။ ဗမာပြည်က ဆားက ကွာလတီကတော့ မမီဘူးပေါ့။ အဲဒီအခါကျတော့ ကုန်သည်တွေက ခပ်လွယ်လွယ်ပဲ ဝယ်လိုက်ကြတယ်။”

တချို့ဆားလုပ်ငန်းရှင်တွေဟာ ချေးငွေရဲ့ ဆယ်ပုံတပုံ၊ ငါးပုံတပုံ စသည်ဖြင့် ပြန်ဆပ်နိုင်ကြပေမယ့် ပြန်ဆပ်လိုက်ရင် နောက်နှစ်အတွက် လုပ်ငန်းအရင်းအနှီးမရှိတော့ဘူးလို့ဆိုပါတယ်။ ချေးငွေပြန်မဆပ်နိုင်တဲ့ ဆားတောင်သူတွေကို အစိုးရဘက်က ခေါ်ယူ မေးမြန်းတာတွေရှိသလို ချေးငွေရဲ့ အတိုးဆပ်ဖို့လည်း ပြောဆိုတယ်လို့ပြောပါတယ်။ ချေးငွေကို အဓိကတာဝန်ယူ ကောက်ခံပေးတဲ့ လပွတ္တာမြို့နယ် သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ရှိသူတဦးက ချေးငွေပြန်မဆပ်နိုင်တဲ့ ဆားတောင်သူတွေကို ခေါ်ယူ ပြောဆိုတာတွေ ရှိနေသလို ပြန်မဆပ်ရင် ချေးငွေ ထုတ်မပေးတော့ဘူးလို့ ပြောပါတယ်။

“ဒီနှစ်မှာ ၅၀ ရာခိုင်နှုန်း ပြန်ဆပ်ရမယ်။ လာမယ့်နှစ် ၅၀ ရာခိုင်နှုန်း အကြွေ မဖြစ်မနေပြန်ဆပ်ရမယ်။ နိုင်ငံတော်ချေးငွေက မဆပ်လို့မရဘူး။ ၅၀ ရာခိုင်နှုန်း မကျေသေးတော့ ဆက်ချေးဖို့ အစီအစဉ်မရှိပါဘူး။”

အစိုးရဘက်က ကြွေးပြန်တောင်းနေပြီ ဖြစ်ပေမယ့် ဘယ်နည်းနဲ့မှ ပြန်ဆပ်နိုင်မှာ မဟုတ်သလို ဆက်လုပ်ရမယ့် ဆားလုပ်ငန်းအတွက်လည်း စရိတ်ထပ်လိုနေတယ်လို့ ဆားလုပ်ငန်းရှင်တွေက ပြောပါတယ်။ နာဂစ်ရဲ့ ဆိုးကျိုးတွေကို အခုထိ ခံစားနေကြရဆဲပါ။

# နအဖစစ်အုပ်စုကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး တင်နိုင်ရန် ကြိုးစား

**DVB၊ ဒီဇင်ဘာ ၂။** ။ မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတခု မနေ့က ဗြိတိသျှပါလီမန်မှာ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့မေလက ထုတ်ပြန်ခဲ့တဲ့ ဟားဗတ်ဥပဒေကျောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဌာနရဲ့ အစီရင်ခံစာကို အခြေခံပြီး ဆွေးနွေးခဲ့ကြတာပါ။

ဒီအစီရင်ခံစာကို ထိပ်တန်းဥပဒေရေးရာ ပညာရှင် ၅ ယောက်က ရေးသားခဲ့ကြတာဖြစ်ပြီး မြန်မာနိုင်ငံထဲက စစ်ရာဇဝတ်မှုတွေအပါအဝင် ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းတွေကိုပါထည့်သွင်း ဖော်ပြထားပါတယ်။ အဓိက ဦးဆောင်ဆွေးနွေးတဲ့ သူတွေက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးက ၃ တရားစွဲ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Sir Geoffrey Nice၊ မြန်မာနိုင်ငံနဲ့ဆိုင်တဲ့ ဥပဒေရေးရာတွေ ဆောင်ရွက်နေတဲ့ Burma Justice Committee ရဲ့ ဥက္ကဋ္ဌ Miss Sappho Dias နဲ့ ယူကေကရင်အမျိုးသားအဖွဲ့အစည်းက နော်ထူးရူဆာစေးတို့ ပါဝင်ပါတယ်။

ဆွေးနွေး ပွဲကို ဗြိတိသျှပါလီမန် အစည်းအဝေးခန်းမတခုမှာ ကျင်းပခဲ့တာဖြစ်ပြီး မြန်မာ့အရေးလှုပ်ရှားနေတဲ့ အဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေ တက်ရောက်ခဲ့ကြပါတယ်။ အဓိကကတော့ ဒီဆွေးနွေးပွဲကနေတဆင့် မြန်မာစစ်အစိုးရကို သူကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ICC ကိုတင်နိုင်အောင်ကြိုးပမ်းနေကြတာလည်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး ICC ရဲ့ သဘောတူစာချုပ် Rome Statue မှာ မြန်မာနိုင်ငံပါဝင် လက်မှတ် ထိုးထားတာ မဟုတ်တဲ့အတွက် စစ်အစိုးရကို ဘယ်လိုမျိုး ရာဇဝတ်ခုံးရုံးတင်မှာ လဲဆိုတာနဲ့ ပတ်သက်ပြီး Miss Sappho Dias က ပြောပါတယ်။

“မြန်မာစစ်အစိုးရက ဒီသဘောတူညီချက်မှာ လက်မှတ်ထိုးမထားတာနဲ့ ဘာမှလုပ်လို့မရဘဲ လမ်းဆုံးပြီ ဆိုတာတော့ မဟုတ်ပါဘူး။ ကုလသမဂ္ဂကနေ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ပြီး လုံခြုံရေးကောင်စီကို တင်သွင်းမယ်ဆိုရင် ဒီကိစ္စကို လျစ်လျူရှုလို့မရပါဘူး။ စစ်အစိုးရကို တရားစွဲဖို့လုပ်ကို လုပ်ရမှာပါ၊ ဒါကြောင့် လက်မှတ်ထိုးတယ်၊ မထိုးဘူးဆိုတာ ဒီနေရာမှာ အရေးမကြီးပါဘူး။”

ကုလသမဂ္ဂလုံခြုံရေးကောင်စီကရော ဒီကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါ့မလားဆိုတာကို Sir Geoffrey Nice ကဖြေဆိုပါတယ်။

“အထူးခုံရုံးဖွဲ့ပြီတော့ စစ်ဆေးမယ်ဆိုရင် ဒီကိစ္စအကောင်အထည်ဖော်ဖို့ လုံခြုံရေးကောင်စီထဲမှာ နိုင်ငံရေးနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်တဲ့ ကိစ္စမျိုးတွေ မပါမှဖြစ်မှာပါ။ အဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်၊ ရုရှနဲ့ အိန္ဒိယတို့လို ဒီအဆင့်ကို ကန့်ကွက်နိုင်ချေရှိတဲ့ သူတွေကို ဆိုလိုတာပါ။ ဒါကို ကျော်လွန်ဖို့အတွက် အလွန်ခိုင်မာတဲ့ အထောက်အထားအချက်လက်တွေလိုပါတယ်။ အခုတင်ပြတဲ့ အစီရင်ခံစာမျိုးလိုပေါ့။ ဆူဒန်ကိစ္စဆိုရင် သူ့ရဲ့ မဟာမိတ် တရုတ်ရှိပေမယ့် ခုံရုံးတင်နိုင်ခဲ့တယ်။”

ဒီအစီရင်ခံစာကို အများကပိုပြီး လက်ခံလာနိုင်အောင် ကြိုးစားမယ်၊ ဗြိတိသျှအစိုးရအနေနဲ့လည်း မြန်မာနိုင်ငံမှာ စစ်ရာဇဝတ်မှုတွေနဲ့ လူသားချင်း မစာနာတဲ့ ရာဇဝတ်မှု ကျူးလွန်တာတွေရှိတယ်ဆိုတာ လက်ခံဖို့ မျှော်လင့်တယ်လို့လည်းပြောသွားပါတယ်။ ဗြိတိသျှအစိုးရဟာ မြန်မာနိုင်ငံမှာ စစ်ရာဇဝတ်မှုတွေ ရှိနေတယ်ဆိုတာကို အခုအချိန်အထိ တရားဝင်ထုတ်ဖော် အသိအမှတ်ပြုပြောဆိုတာမျိုးမရှိပါဘူး။ ပြီးခဲ့တဲ့အပတ်က မြန်မာ့ဒီမိုကရေစီရေး ဗြိတိသျှပါလီမန်အမတ်များအဖွဲ့ All Party Parliamentary Group ကတော့ စစ်အစိုးရကျူးလွန်တဲ့ ပြစ်မှုတွေကို စုံစမ်းစစ်ဆေးဖို့အဆိုကို အဆင့်မြင့် ပါလီမန်အမတ်တွေ အပါအဝင် အဖွဲ့ဝင်ပေါင်း ၄၀ ကျော် ထောက်ခံလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

# ဈေး ပြောင်းရွှေ့ခိုင်းမှုကြောင့် ထောင်ချီသည့် ဈေးသည်များ အခက်တွေ့

**DVB | ဒီဇင်ဘာ ၃ ။** ။ ရောဝတီတိုင်း ဘိုကလေးမြို့အာဏာပိုင်တွေရဲ့ မြို့လယ်ကဈေး မြို့အစွန်ကိုပြောင်းရွှေ့ရေးစီမံချက်ရဲ့ သက်ရောက်မှုအဖြစ် ဈေးသည် ၁ ထောင်ခန့်နဲ့ သူတို့ရဲ့ မိသားစုဝင်တွေ စားဝတ်နေရေး၊ ပညာရေး အခက်အခဲတွေနဲ့ စတင်ရင်ဆိုင်နေရပြီဖြစ်ပါတယ်။

ဘိုကလေးမြို့နယ် အေးချမ်းဖြိုးနဲ့ စည်ပင်သာယာပူးပေါင်းအဖွဲ့က မြို့လယ်လမ်းဘေးဝဲယာက ဈေးသည် ၁ ထောင်နီးပါးကို မြို့ပြင်က ရေကန်ကြီးနား ပြောင်းခိုင်းခဲ့တာ ပြီးခဲ့တဲ့ ၂၅ ရက်နေ့ ကတည်းကဖြစ်ပါတယ်။ အာဏာပိုင်တွေက တပတ်အတွင်း ၄ ကြိမ်ပြောင်းခိုင်းပေမယ့် နေရာသစ်ဟာ သူတို့အတွက် အလုပ်မဖြစ်ဘူးဆိုပြီး ပြောင်းဖို့ငြင်းဆန်နေကြတာပါ။ အခု သီတင်းတပတ်အတွင်းရောက်လာတဲ့အခါ စားဝတ်နေရေးအခက်အခဲဖြစ်နေပုံကို မိသားစုဝင် ၆ ယောက်ကို ဟင်းသီးဟင်းရွက်ရောင်းကျွေးနေတဲ့ ဈေးသည်အမျိုးသမီးတဦးက ပြောပါတယ်။

"အန်တီတို့ မိသားစုက တနေ့ဝင်ငွေ ၂ ထောင်လောက်ဆိုရင် အချွန်ဆန်လေး၊ ငပိရည်ချိုကောင်းကောင်းလေးနဲ့ စားလို့ရတယ်။ သားငါးကတော့ တပတ်ကို တခါလောက်ပေါ့။ ကျောင်းသားတွေကရှိတယ်လေ။ ဈေးမရောင်းရတဲ့ ရက်က ၇–၈ ရက်ဖြစ်လာပြီဆိုတော့ ကလေးမုန့်ဖိုးမပေးနိုင်တဲ့အခြေရောက်နေပါတယ်။"

နေရာသစ်မှာ သတ်မှတ်ပေးထားတဲ့ ဈေးဆိုင်ခန်းတခန်းဟာ ၃ပေ၊ ၄ ပေအကွက်ငယ် လေးတွေသာဖြစ်ပြီး လွန်ခဲ့တဲ့ ၁ ရက်ကျော်က ချောင်းရေတက်တုန်းမှာ ရေမြုပ်ကုန်တယ်လို့ သူက ပြောပါတယ်။ သမဝါယမကနေ ထုတ်ချေးငွေအတွက် နေ့စဉ် ၁,၂၀၀ ကျပ် ပြန်ဆပ်နေရတာကို မသွင်းနိုင်သလို ထမင်းစားဖို့မရှိ ဖြစ်နေပါတယ်လို့ အဲဒီ ဈေးသည်အမျိုးသမီးက ငိုယိုပြီးပြောဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဏာပိုင်တွေဘက်က ဈေးမပြောင်း ပြောင်းအောင် အင်အားသုံးမယ်လို့ ကောလာဟလ ပျံ့နှံ့နေပေမယ့် အခုထက်ထိတော့ မထူးခြားသေးပါဘူး။ ဈေးသည်တွေ မပြောင်းလိုတဲ့ အကြောင်းပြချက်က နေရာသစ်ဟာ မြို့အစွန်ကျတာ၊ နေရာကျဉ်းတာ၊ လူသွားလူလာ နည်းတာကြောင့် ရောင်းမကောင်းမှာစိုးပြီး လက်ရှိနေရာလောက် အာမခံချက်မပေးနိုင်တာ၊ ချောင်းရေတက်ရင် ရေမြုပ်တာ၊ သောက်ရေကန်ညစ်ပတ်ရင် သူတို့နဲ့မြို့လူထုနဲ့ အချင်းများဖွယ်ရှိတာတွေကြောင့်လို့ ပြောပါတယ်။

အခု သတ်မှတ်ပေးတဲ့နေရာထက် ပိုမိုကောင်းမွန်တဲ့နေရာတခု စီစဉ်ပေးစေချင်ကြပါတယ်။ ပြောင်းရွှေ့ရေးကော်မတီက နေရာသစ်ကို ပြောင်းဖို့စီစဉ်တာဟာ ဈေးသည်တွေကို နေရာတကျဖြစ်အောင် စီစဉ်တာဖြစ်ကြောင်း၊ မြို့လယ်လမ်းဘေးဝဲယာမှာ သားငါးသည်တွေရှိနေတာဟာ သန့်ရှင်းမှုကို ထိခိုက်ကြောင်း၊ အခုပြောင်းရမယ်ဆိုတဲ့ ဈေးနားက သောက်သုံးရေကန်ကိုလည်း ခြံခတ်ထားကြောင်း ပြောပါတယ်။ ဒါပေမယ့် မြို့ခံတွေနဲ့ ဈေးသည်တွေကတော့ ခြံမခတ်ထားပါဘူးလို့ပြောပါတယ်။ ဒီလို မတည်မငြိမ် အခြေအနေကြောင့် ဈေးတန်းမှာ လူအသွားအလာနည်းသွားပြီး အရင်းအနှီးနည်းပါးတဲ့ ဈေးသည်တွေ အခက်အခဲ စတင်ရင်ဆိုင်ရနေပြီလို့ ငါးရောင်းတဲ့ အမျိုးသမီးတယောက်ကလည်း ပြောပါတယ်။

"ဒီတောဈေးတန်းကြီး ဖျက်မယ်ဆိုတော့ ကျမတို့ဆီမှာ အခက်အခဲတွေက စားဝတ်နေရေးကအစ အဆင်မပြေဘူး။ အိမ်မှာ မိသားစုက ကလေးက ၄ ယောက်ရှိတယ်။ ယောကျ်ားကလည်းမရှိဘူး။ ကျမမှာ ကလေးတွေအတွက် တော်တော်ဒုက္ခရောက်နေရတာ။ ဈေးရောင်းကောင်းမယ့် နေရာဆိုရင် ကျမတို့က ရွှေ့ပေးမှာပေါ့။"

မြို့လယ်ဈေးမှာ လူပါးနေပြီး တောက လာရောင်းတဲ့ ဟင်းရွက်စိမ်းလာပို့သူတွေလည်း မလာသလောက်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ကုန်ခြောက်ဆိုင်ရှင်တဦးကလည်း သူတို့ ဈေးသည်တွေဟာ စီးပွားရေးလုပ်တာ မဟုတ်ဘဲ စားဝတ်နေရေးအတွက် ဈေးရောင်းတာ ဖြစ်တဲ့အတွက် အခု စားဝတ်နေရေး ထိခိုက်နေပြီလို့ပြောပါတယ်။

"အာဏာပိုင်အဖွဲ့အစည်းက ဈေးသူဈေးသားတွေအပေါ်မှာ အာဏာသုံးပြီး လုပ်မယ်ဆိုရင် ကျနော်တို့က ခေါင်းငုံ့ခံနေမှာတော့မဟုတ်ဘူး။ ခေါင်းငုံ့မခံလို့ ဘာလုပ်မလဲမေးရင် အသေခံမှာပဲ။ သူတို့ ပြောပြောနေတဲ့ ဆူပူမှုသည် ဒီမိုကရေစီမရနိုင်ဆိုပေမယ့် သူတို့အပြောနဲ့ အလုပ်က တခြားစီဖြစ်နေတယ်၊ ဆူပူအောင် လုပ်နေသလိုပဲ။"

အခုတော့ အာဏာပိုင်တွေက ဘယ်နေ့ပြောင်းရမယ်ဆိုတာ မပြောတော့ဘဲ အစည်းအဝေးတွေသာ ဆက်တိုက်ကျင်းပနေပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဈေးကော်မတီထဲမှာပါတဲ့ မယကအတွင်းရေးမှူးဦးမျိုးညွှန့်ကို ဆက်သွယ်တဲ့အခါ ခရီးထွက်သွားတယ်လို့ မယကရုံးဝန်ထမ်းက ဖြေဆိုပါတယ်။

# တနိုင်ငံလုံးသွားခွင့်ရ ဆိုင်ကယ်လိုင်စင် စတင် လုပ်ပေးနေပြီ

**DVB | နိုဝင်ဘာ ၃၀ ။** ။ တရားမဝင်ဆိုင်ကယ်တွေကို တနိုင်ငံလုံးသွားလာနိုင်အောင် မနက်ဖြန် ဒီဇင်ဘာ ၁ ရက်နေ့ကစပြီး လိုင်စင်လုပ်ပေးမယ်လို့ တနင်္သာရီတိုင်း ကော့သောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန (ကညန) က ဒီနေ့ ကြေညာလိုက်ပါတယ်။

ပထမဆုံး အသုတ်အနေနဲ့ ၁ ရက်နေ့ကနေ ၇ ရက်နေ့သတ်မှတ်ထားပြီး လာလုပ်သူ နည်းနေရင် ယာဉ်ထိန်းရဲတွေက ဖမ်းဆီးပြီး လိုင်စင်ရုံးကိုပို့မယ်လို့ ကော့သောင်းမြို့ခံတဦးက ပြောပါတယ်။ ၂၀၁၀ ဇန်နဝါရီလကုန်အထိ လိုင်စင်ပြုလုပ်ပေးမှာဖြစ်တယ်လို့ သူက ဆိုပါတယ်။ ဆိုင်ကယ်တစီးရဲ့ ကာလပေါက်ဈေးအပေါ်မူတည်ပြီး အကောက်ခွန်၊ ရွှေးယူဒဏ်ငွေနဲ့ ကုန်သွယ်ခွန် စတဲ့ဌာနအတွက် အခွန်ဆောင်ရမှာဖြစ်သလို ကညန က လုပ်ပေးမယ့် လိုင်စင်ကြေး၊ အာမခံကြေးတွေ ပေါင်းရင် ၃ သိန်းခွဲကနေ ၆ သိန်းခွဲအထိ ကုန်ကျမှာ ဖြစ်ပါတယ်။

"ဒီဘီးက ဘယ်လောက်တန်တယ်ဆိုတဲ့ အပေါ်မှာ သူတို့ အောက်ကအရေးယူဒဏ်ငွေ၊ ကုန်သွယ်ခွန်၊ အာမခံတို့က တစီးကို ဘယ်လောက်ကျတယ်ဆိုတာ ကောက်သွားတာပါ။ ၂၀၀၆ မှ ၂၀၁၀ အထိကို ၉၀ စီစီက စုစုပေါင်းကို ၃၅၇,၆၀၀ ကျပ် ကျပါတယ်။ ၁၁၀ စီစီက ၄ သိန်းနဲ့ ၄ သောင်းကျော်ကျပါတယ်။ ၁၂၅ က ၆၄၆,၃၅၀ ကျမယ်။ ၁၇/ယ လုပ်မယ်ဆိုရင် အဲ့ဒါ ကုန်ကျမယ်။"

အခုရရှိမယ့် ၁၇/ယ လိုင်စင်ဟာ ဆိုင်ကယ်စီးခွင့်မရှိဘူးလို့ အမိန့်ထုတ်ထားတဲ့ ရန်ကုန်မြို့ကလွဲရင် တနိုင်ငံလုံးကို စီးခွင့်ရမှာဖြစ်ပါတယ်။ လိုင်စင်လုပ်ရင် ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်း မိတ္တူတွေ ယူလာမယ်လို့လည်း ကညနက ကြေညာထားပါတယ်။ လိုင်စင်ကြေးဟာ လက်ရှိဆိုင်ကယ်တန်ဖိုးထက် ဈေးကြီးနေတဲ့အတွက် အများက လိုင်စင်လုပ်နိုင်မှာ မဟုတ်ဘူးလို့ အဲဒီမြို့ခံက ပြောပါတယ်။

"လောလောဆယ် ဗမာပြည်မှာ အင်မတန်ကျပ်တည်းနေတဲ့ အချိန်ကာလဖြစ်နေတော့ လုပ်မယ့်သူ သိပ်ရှိမှာမဟုတ်ဘူး။ အခု အန်ကယ်စီးတဲ့ ၁၂၅ ဆိုင်ကယ်ဆိုရင် ဘတ် ၈ သောင်းခွဲလောက်ပေးရတယ်။ သွားဆောင်မယ်ဆိုရင် ဘတ် ၂ သောင်းကျော်ဆိုရင် မဆောင်နိုင်ဘူး။ မဆောင်နိုင်တော့ ဟိုနားဖမ်း ဒီနားပတ်ပြေးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကော့သောင်းကနေ တခြားစီးမှာမှ မဟုတ်ဘဲ။"

ဒီလိုင်စင်ဟာ အမှန်တကယ် အသုံးဝင်ပါ့မလားဆိုပြီး တခြားမြို့ခံတဦးကလည်း သံသယဖြစ်နေပါတယ်။

"ကျနော် လုံးဝ အစီအစဉ်မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခွန်ဆောင်ရတာ ကျနော်တို့ ငွေကြေးမတတ်နိုင်ဘူး။ နောက်ပြီး သူတို့ စနစ်ကျကျလုပ်တဲ့အနေအထားမရှိဘူး။ လုပ်ပြီးရင်လည်း လိုင်စင်မရှိတဲ့ဆိုင်ကယ်တွေ များပြားလာဦးမှာပဲ။ ကျနော်တို့ လေးစားချင်ပေမယ့် လေးစားရမှာ တအားခက်တယ်။"

ရှမ်းပြည်နယ် တာချီလိတ်မြို့မှာလည်း ဒီလိုလိုင်စင်မျိုး မနက်ဖြန်ကစပြီး လုပ်ပေးတော့မယ်လို့ သတင်းထွက်ပေါ်နေပါတယ်။ အရင်နှစ်တွေတုန်းက ထုတ်ပေးခဲ့တဲ့ လိုင်စင်တွေမှာ သက်ဆိုင်ရာပြည်နယ်နဲ့တိုင်းတွေ အတွင်းမှာသာ စီးခွင့်ရှိပြီး အခုအစီစဉ်ကတော့ တနိုင်ငံလုံး စီးနင်းခွင့်ရမှာဖြစ်သလို ဒီလိုင်စင်ကို တနိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်

# ကုလအရာရှိရဲ့ ပြောဆိုချက်အပေါ် အန်ဒီအက်ဖ်က ကြေညာချက် ထုတ်ပြန်

**DVB၊ ဒီဇင်ဘာ ၄။** ။ မြန်မာတိုင်းရင်းသား လက်နက်ကိုင်တပ်တွေဟာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားပြီး သူတို့အဖွဲ့တွေကို ကျွေးကန်နေတယ်လို့ ကုလသမဂ္ဂအရာရှိရဲ့ ပြောဆိုချက်အပေါ် တိုင်းရင်းသားလက်နက်ကိုင်တွေက ပယ်ချလိုက်ပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၉ ရက် သတင်းစာရှင်းလင်းပွဲမှာ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံး ကိုယ်စားလှယ် Mr. Gary Lewis က "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ နအဖစစ်အုပ်စုရဲ့ ဖြိုခွဲမှုကို စိုးရိမ်လို့ မူးယစ်ဆေးဝါးတရားမဝင်ရောင်းပြီး ဝင်ငွေတိုးမြှင့်ရှာနေကြတယ်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေဟာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားပြီး သူတို့နယ်မြေတွေကို ထိန်းသိမ်းနေကြတယ်"လို့ ပြောပါတယ်။

ဒီပြောကြားချက်ဟာ မှားယွင်းတယ်၊ တရာမျှတမှုမရှိဘူး၊ သူတို့ကို ထိခိုက်နစ်နာစေတယ်ဆိုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နဲ့ စုဖွဲ့ထားတဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF က ဒီနေ့ ကြေညာချက်ထုတ်ပြန်တာပါ။ NDF ရဲ့ တုန့်ပြန်ချက်နဲ့ပတ်သက်ပြီး NDF အထွေထွေအတွင်းရေးမှူး မိုင်ဘုန်းကျော်က ပြောပါတယ်။

"ကျနော်တို့အနေနဲ့ UNODC က အစီရင်ခံစာထဲမှာပါတဲ့ အချက်အလက်တွေကို အခုလိုပြောခြင်းအားဖြင့်၊ နအဖဟာ ကျနော်တို့ တိုင်းရင်းသားတွေကို စစ်ရေးအရ နဂိုကတည်းက ချေမှုန်းချင်နေတဲ့အချိန်မှာ ဒီလိုပြောကြားလိုက်ခြင်းအားဖြင့် နအဖကို ပိုပြီးတော့ အားပေးရာကျတယ်။ နအဖကလည်း မူးယစ်ဆေးဝါးကို ဗန်းပြပြီး တိုင်းရင်းသားတွေကိုဖြိုခွဲချင်တယ်။ အမေရိကန် အစိုးရဆီက မူးယစ်ဆေးဝါးနှိမ်နင်းရေး အထောက်အကူတွေ ရချင်နေတဲ့ အချိန်မှာ ဒီလို မှတ်ချက်ပြောဆိုတာဟာ မှားယွင်းပါတယ်။ မသင့်လျှော်ဘူးလို့ ကျနော်တို့ မြင်ပါတယ်။"

မိုင်ဘုန်းကျော်က သူတို့ အဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးနဲ့ လုံးဝပတ်သက်မှုမရှိဘူးလို့ ဆိုပါတယ်။ "လက်ရှိ မဒတ တိုင်းရင်းသားအဖွဲ့ဝင် အဖွဲ့အစည်း ၈ ဖွဲ့ရှိပါတယ်။ အဲဒီ ၈ ဖွဲ့က လက်ရှိအခြေအနေအထိ ကိုယ့်တိုင်းရင်းသားလူမျိုး အမျိုးသားရေးအတွက် တိုက်ပွဲဝင်နေတဲ့ အဖွဲ့တွေက မူယစ်ဆေးဝါးကိစ္စနဲ့လုံးဝကင်းရှင်းပြီး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကိုပဲ နိုင်ငံတကာ ဘယ်သူ့ရဲ့ အကူအညီ၊ ငွေကြေးအရ ထောက်ပံ့ကူညီမှုမရဘဲနဲ့ ကနေ့အထိ လက်ရှိတိုက်ပွဲဝင်နေဆဲဖြစ်တယ်။"

အုပ်ချုပ်သူတွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ကနေစပြီး အခုအထိတောက်လျှောက် မူးယစ်ဆေးဝါးနဲ့ပတ်သက်နေတယ်။ ဒါကို ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံးက ထောက်ပြ ဝေဖန်မှုသာမျှတတဲ့ မူးယစ်ဆေးဝါးအစီရင်ခံစာလို့ သတ်မှတ်နိုင်မယ်လို့ NDF ရဲ့ သဘောထား ကြေညာချက်မှာဖော်ပြထားပါတယ်။

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး၏ ကြေညာချက်

**DVB၊ ဒီဇင်ဘာ ၄။** ။ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ကိုမင်းကိုနိုင် ဦးဂမ္ဘီရနဲ့ ဇော်ထက်ကိုကိုတို့ရဲ့ ကျန်းမာရေးအခြေအနေဟာ တနေ့တခြား ပိုဆိုးရွားလာနေပြီး အသက်အန္တရာယ်စိုးရိမ်နေရတာမို့ အရေးပေါ် ဆေးကုသမှုခံယူဖို့လိုနေတယ်လို့ Amnesty International အပြည်ပြည်ဆိုင် ရာလူ့အခွင့်အရေးအဖွဲ့ကြီးရဲ့ အရေးပေါ်ထုတ်ပြန်ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

ဦးဂမ္ဘီရဟာ ကလေးထောင်မှာ ကျခံနေရပြီး ငှက်ဖျားရောဂါကို အပြင်းအထန်ခံစားနေရပါတယ်၊ ကိုမင်းကိုနိုင်ဆိုရင်လည်း ကျိုင်းတုံထောင်မှာ သွေးတိုးရောဂါ ဆိုးဆိုးဝါးဝါးခံစားနေရပြီး ကျောက်ဖြူထောင်မှာ ကိုဇော်ထက်ကိုကို ကတော့ ဗိုက်အောင့်တဲ့ရောဂါကြောင့် ကိုယ်အလေးချိန် ကျဆင်းသွားပါတယ်။ ထိုက်သင့်တဲ့ဆေးဝါးကုသမှု စောင့်ရှောက်မှုမရှိဘူးလို့ AI လူ့အခွင့်အရေးအဖွဲ့ကြီးက ဆိုပါတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေဟာ လူတဦးအတွက် အခြေခံလိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ မရရှိတဲ့အပြင် လုံလောက်တဲ့ အစာအဟာရကိုလည်း မရရှိကြပါဘူး။

အခု ဒီ ၃ ယောက်ရဲ့ အသက်အန္တရာယ်ဟာ စိုးရိမ်စရာရှိနေပါတယ်လို့ AI အဖွဲ့ကြီးရဲ့ အရှေ့တောင်အာရှရဲ့တာဝန်ရှိသူ မစ္စတာ ဟယ်ဒါကေဂါဘီက ပြောကြားသွားတာပါ။ ဒါကြောင့် ဒီ ၃ ယောက်ရဲ့ ကျန်းမာရေးကို အမြန်ဆုံးစောင့်ရှောက်ပေးဖို့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ဖို့ မြန်မာအစိုးရ တာဝန်ရှိသူတွေဆီ စာရေးတောင်းဆိုဖို့ကိုလည်း AI အဖွဲ့က တိုက်တွန်း နှိုးဆော်ထားပါတယ်၊ ဒီကိစ္စတွေနဲ့ပတ်သက်လို့ AI အဖွဲ့အနေနဲ့ တုံ့ပြန်ချက်ပေးပါတယ်။ "ကျနော်တို့တောင်းဆိုထားတဲ့ အထိတော့မရသေးပါဘူး။ သိတဲ့အတိုင်းပဲ နအဖစစ်အုပ်စုဟာ တောင်းဆိုချက်တွေကို တရားဝင်တုံ့ပြန်လိုက်လျောတယ်လို့တော့ မရှိပါဘူး။"

ဒါပေမယ့် ကိုဇာဂနာတို့အတွက် တောင်းဆိုမှုတွေ ပြုခဲ့တုန်းကတော့ ပြီးတဲ့နောက်မှာ သူတို့ထောင်တွင်းနေခဲ့ရတဲ့ အနေအထားတွေ အထိုက်အလျောက် သက်သာခွင့်ရရှိခဲ့ပါတယ်လို့ ပြောသွားပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကို အများလက်ခံနိုင်အောင်လုပ်ဖို့ ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို မဖြစ်မနေလွှတ်ပေးဖို့လိုတယ်လို့လည်း AI အဖွဲ့က ပြောပါတယ်။

# ရွေးကောက်ပွဲအတွက် ကချင်ပြင်ဆင်

**DVB၊ ဒီဇင်ဘာ ၄။** ။ ၂၀၁၀ ရွေးကောက်ပွဲ အကြိုပါတီတွေဖွဲ့စည်းဖို့ ပြင်ဆင်နေပေမယ့် တရားဝင် ဥပဒေထွက်လာဖို့ စောင့်ဆိုင်းနေရဆဲ ဖြစ်ပါတယ်။ ဒီအကြောင်းကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာပါတီဖွဲ့ လှုပ်ရှားနေသူ ကချင်ပြည်တိုးတက်ရေးပါတီ ခေါင်းဆောင် ဒေါက်တာတူးဂျာက ပြောပါတယ်။

"ကျနော်တို့က ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်နိုင်ဖို့ပေါ့လေ၊ ပါတီတရပ်ထူထောင်ဖို့ ပြင်ဆင်နေတယ်၊ အဲဒီပါတီကတော့ ကချင်ပြည်နယ် အမည်ခံပေါ့။ ကချင်ပြည်နယ်တိုးတက်ရေးပါတီဆိုပြီးတော့မှ ကချင်ပြည်နယ်သားများအားလုံး လူမျိုး ဘာသာမခွဲခြားဘဲ ပါဝင်နိုင်အောင် နိုင်ငံရေးစိတ်ပါဝင်စားတဲ့ ပုဂ္ဂိုလ်တွေ လုပ်နိုင် ကိုင်နိုင်၊ လုပ်ရည်ကိုင်ရည်ရှိတဲ့ ပုဂ္ဂိုလ်တွေ စုပေါင်းပြီး ပါတီတရပ်ထူထောင်ပြီးတော့မှ ၂၀၁၀ ရွေးကောက်ပွဲဝင်မယ်။ "ဝင်ပြီးတော့မှ ကချင်ပြည်နယ်မှာ ပေါ်ပေါက်လာမယ့် လွှတ်တော်မှာ ကိုယ်စားလှယ်စေလွှတ်နိုင်အောင်၊ နောက်အစိုးရအဖွဲ့မှာ ကိုယ်စားလှယ်စေလွှတ်နိုင်အောင် လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိတယ်။"

နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်က အတည်ပြုရာမှာ မဲလိမ်၊ မဲခိုးတာတွေရှိခဲ့တယ်လို့ အများက ဝေဖန်နေကျတဲ့ ကာလမှာ ၂၀၀၈ အခြေခံအရပြုလုပ်မယ့် လာမယ့်နှစ် ရွေးကောက်ပွဲကို ဒေါက်တာတူးဂျာတို့က ဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားတာနဲ့ ပတ်သက်ပြီး ပြောပါတယ်။

"ပြုပြင်ပြောင်းလဲရေးဖြစ်ပေါ်လာရေးကို ကျနော်တို့ ကြည့်တယ်။ ပြုပြင်ပြောင်းလဲရေးဖြစ်ပေါ်လာရေးအတွက်ဆိုရင် အမျိုးသားညီလာခံရယ်၊ အခြေခံဥပဒေရယ်၊ ရွေးကောက်ပွဲရယ် ဒါတွေကတော့ရှိဖို့ လိုအပ်တာပေါ့။ ဒါတွေကို ကျနော်တို့က တခုချင်းခွဲထုတ်ပြီး စဉ်းစားလို့မရဘူး။ "ကျနော့်အမြင်က၊ အမျိုးသားညီလာခံရှိလို့ အခြေခံဥပဒေပေါ်ပေါက်လာတယ်၊ အခြေခံဥပဒေပေါ်ပေါက်လာလို့ ရွေးကောက်ပွဲ ကျင်းပနိုင်တယ်၊ ရွေးကောက်ပွဲကျင်းပနိုင်လို့ အစိုးရသစ်ပေါ်လာတယ်၊ အစိုးရသစ်ပေါ်လာလို့ လက်ရှိ အစိုးရက အစိုးရသစ်ကို အာဏာအပ်နှံလိမ့်မယ်။ အဲဒီလိုနဲ့ ပြုပြင်ပြောင်းလဲရေး ဖြစ်ပေါ်လာမယ်။"

ကချင်အပြင် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်တွေမှာလည်း ပါတီတွေဖွဲ့ ရုံးခန်းတွေဖွင့် လှုပ်ရှားနေကြပြီလို့ သိရပါတယ်။ ၉၀ ရွေးကောက်ပွဲနိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြားအင်အားစုတွေကတော့ စစ်တပ် ကျောထောက်နောက်ခံ အခြေခံဥပဒေကို အရင်ဆုံး ဒီမိုကရေစီကျအောင် ပြင်ဆင်သင့်တယ်လို့ ပြောဆိုနေပါတယ်။

# ခေါင်းဆောင်များနှင့်ဆက်ဆံရေးကွက်လပ်များ(နိဂုံး)

**ယခင်တပတ်မှအဆက်**

ခင်မမမျိုး

ရုပ်ပြမဟုတ်ဘဲ မဟာမိတ်ဆက်ဆံရေးထူထောင်ဖို့ အဲဒီကနေမှ တပ်ပေါင်းစုအဆင့်တွေအထိ တက်လှမ်းဖို့ကြိုးစားသင့်ကြပါတယ်။ အဖွဲ့အစည်းတခုတည်း တင်မကဘဲ လှုပ်ရှားမှုတခုရဲ့နိုင်ငံခြားဆက်ဆံရေးမှာလည်း ဒီအတိုင်းပါဘဲ။ နိုင်ငံတကာကင်ပိန်းဆိုပြီး နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ခံမှု၊ ဧည့်ဝတ်ကျေမှုတွေနောက် တကောက်ကောက်လိုက် သာယာရင်း ကိုယ့်လူမျိုးတွေနဲ့ကွင်းဆက်တွေပြတ် တည်ဆောက်မှုနဲ့ဆက်ဆံရေးကွက်လပ်တွေကြီးလာရာက နိုင်ငံခြားဆက်ဆံရေးအခြေအနေပြောင်းသွားလို့ နောက်လှည့်ကြည့်လိုက်တော့ ကျောဘဲရှိတဲ့လှုပ်ရှားမှုတွေလည်း ရှိတတ်ပါတယ်။ ဒါတွေကို အထူးဂရုစိုက်ဖို့လိုပါတယ်။ ကိုယ်ဘာလဲ ဘာလုပ်မှာလည်းဆိုတာ သိဖို့ကအရေးကြီးဆုံးပါ။

## ၃။ ခေါင်းဆောင်နဲ့ လူထုဆက်ဆံရေးကွက်လပ်

လူထုစည်းရုံးရေးခရီးစဉ်နဲ့ မဟာမိတ်တည်ဆောက်ရေးခရီးစဉ်တွေကို တချို့က ကွဲကွဲပြားပြားမမြင်ပါဘူး။ မဟာမိတ်အဖွဲ့တွေနဲ့သွားတွေ့တာ၊ ဒီမိုကရေစီအင်အားစုတွေနဲ့တွေ့တာဟာ လူထုစည်းရုံးရေးခရီးစဉ်လို့ မခေါ်ဆိုနိုင်ပါဘူး။ မြန်မာလူထုဟာ စစ်အာဏာရှင်စနစ်ကို ရွံ့မုန်းပါတယ်။ ဒါပေမယ့် စစ်အာဏာရှင်ကို မကျေနပ်တာနဲ့ဘဲ တော်လှန်ရေးအင်အားစုဖြစ်နေပြီလို့ တွက်ဆလို့မရပါဘူး။ တော်လှန်ရေးကိုထောက်ခံသူတွေဖြစ်နေပြီလို့ သတ်မှတ်လို့မရပါဘူး။

လူထုအကြားမှာ တော်လှန်ရေးအတွေးအခေါ် တော်လှန်ရေးစိတ်ဓာတ်တွေ ရှင်သန်နိုးကြားလာအောင် တည်ဆောက်ယူရပါတယ်။ တော်လှန်ရေးတိုက်ပွဲပြင်းထန်နေချိန်မှာ Figure တွေ ထွက်ကိုထွက်လာရမယ်၊ ပေါ်ထွက်လာတဲ့ခေါင်းဆောင်တွေကို စင်တင်ပေးရမယ်ဆိုတာတွေက အမှန်တွေပါဘဲ။ ဒါပေမယ့် figure သုံးပြီး တော်လှန်ရေးလှုပ်ရှားမှုစတော့လို့ လူထုကိုတိုင်မင်ပေးလို့တော့ ဘယ်တော့မှရမှာမဟုတ်ပါ။ လူထုထဲမှာတည်ဆောက်ထားတာမဟုတ်ဘဲ တိုင်မင်ခေါ်တဲ့ တော်လှန်ရေးလှုပ်ရှားမှု ဘယ်တော့မှအချိန်ကြာကြာ တောင့်မခံနိုင်ပါ။ တည်ဆောက်မှုဟာ အလွန်လဲအရေးကြီးပါတယ်။

အခုမြန်မာ့နိုင်ငံရေးလှုပ်ရှားမှုမှာကတော့ နှစ်နေရာမှာတည်ဆောက်မှုလိုပါတယ်။ ပြည်တွင်းနဲ့ပြည်ပပါ။ ပြည်ပမှာမြန်မာတွေ သန်းနဲ့ချီရှိနေပါတယ်။ သူတို့တွေဟာ နေ့စဉ်နဲ့အမျှ ပြည်တွင်းနဲ့ အသွင်အမျိုးမျိုးနဲ့ဆက်ဆံနေသူတွေပါ။ နှစ်စဉ်သွားလိုက်ပြန်လိုက်လုပ်နေတဲ့ ကျောင်းသားတွေ၊ ပြည်တွင်းနဲ့ပြည်ပလှည့်နေတဲ့ အလုပ်သမားလုပ်တန်းစားတွေ သိန်းသန်းနဲ့ချီပြီးရှိနေတာပါ။ မြန်မာတထောင်မှာ လုပ်ငန်းရှင်တယောက်ဘဲရှိပါတယ်။ အားလုံးဟာ ပြည်တွင်းအခြေအနေအရ ပြည်ပနိုင်ငံမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေပါ။

ပြည်တွင်းတည်ဆောက်မှုမှာ အခက်အခဲအမျိုးမျိုးရှိတယ်ထား ပြည်ပမှာကော လူထုထဲမှာဘယ်လောက်အထိ တည်ဆောက်ထားသလဲ။ တော်လှန်ရေးအဖွဲ့အစည်းတွေမှာ လူဟောင်းတွေနဲ့လည်နေသလား၊ လူသစ်တွေပါသလား။ အနည်းဆုံးအဖွဲ့ဝင်မဟုတ်ရင်တောင် ဒေသဆိုင်ရာမြန်မာ့ဒီမိုကရေစီအင်အားစုတွေအပေါ်မှာ သူတို့တွေက ထောက်ခံကြသလား။ ဘယ်လိုထင်မြင်ချက်ရှိကြသလဲ။

စည်းရုံးရေးခရီးစဉ်အမည်တပ်ပြီး ခရီးထွက်နေကြတဲ့ ခေါင်းဆောင်တွေကကော နဂိုရှိပြီးသားလူတွေနဲ့ဘဲ တွေ့လိုက်ဆုံလိုက် အစည်းအဝေးကျင်းပလိုက် ငြင်းလိုက် ခုန်လိုက်တွေလုပ်နေကြသလား သို့မဟုတ် သက်ဆိုင်ရာနယ်မြေက ကျောင်းသားခေါင်းဆောင်တွေ၊ လူ့အဖွဲ့အစည်းခေါင်းဆောင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ လူအများကိုသြဇာလွှမ်းမိုးသူတွေနဲ့ တွေ့ဆုံဖို့ကိုကော ကြိုးပမ်းမှုတွေရှိသလားဆိုတာတွေက ပြည်သူလူထုနဲ့တော်လှန်ရေးအကြားက ခေါင်းဆောင်တွေအကြားက ကွက်လပ်ကြီးငယ်ပမာဏကို ပြသနိုင်ပါတယ်။

ဒီနေရာမှာ လူတွေက ကြောက်နေလို့ မဆက်သွယ်ရဲကြဘူးလို့ ဆိုတတ်ကြပါတယ်။ လူတွေဟာအကြောက်တရားကို အရေးပေါ်အချိန်တွေနဲ့ ခံပြင်းမှုတွေဖြစ်လာချိန်တွေမှာ ကျော်လွှားတတ်လေ့ရှိကြပါတယ်။ အမြင့်ကြောက်သူကလည်း မီးလောင်ချိန်မှာထွက်ပေါက်မရှိရင် ခုန်ချတာဘဲ။ ကျောင်းစာမေးပွဲကြောက်သူတွေကလည်း အလုပ်ခွင်စာမေးပွဲကို ဖြေကြရတာဘဲ။ ဒီလိုဘဲလူတွေဟာ ယုံကြည်ချက်ရပ်တည်ချက်နဲ့ ခေါင်းဆောင်တွေအပေါ်မှာ လေးစားမှုပေါ်မှာမူတည်ပြီးတော့လည်း အကြောက်တရားကိုဖယ်ရှားပြီး စွန့်စားလေ့ရှိကြတယ်။

ပြည်ပမှာ ရပ်ကွက်ထဲအထိ အာဏာရှင်စနစ်ရောက်နေတာမဟုတ်ပါဘူး။ ဆန္ဒမှန်နဲ့ တော်လှန်ရေးအပေါ် ယုံကြည်ချက်ထွက်ပေါ်လာရင် ကျော်လွှားရတဲ့အကာအရံတွေ သိပ်မများလှပါဘူး။ ဒီတော့ လူတွေကို ကြောက်တယ်ဆိုမယ့်အစား ဒီလူတွေရဲ့ယုံကြည်မှုနဲ့ လေးစားမှုရအောင်ရော ကိုယ့်ဘက်ကဘယ်လောက်ပြင်ဆင်ထားခဲ့သလဲ၊ လူထုအတွင်းမှာ တော်လှန်ရေးအတွေးအခေါ်တွေ နိုးကြားလာအောင် ဘာတွေလုပ်ပြီးပြီလဲဆိုတာ ခေါင်းဆောင်တွေကိုယ့်ဘာသာကို ပြန်သုံးသပ်ဖို့လိုပါလိမ့်မယ်။

ပြည်တွင်းလူထုဆက်ဆံရေးအပိုင်းကတော့ ပြည်ပခေါင်းဆောင်နဲ့ ပြည်တွင်းလူထု၊ ပြည်တွင်းခေါင်းဆောင်တွေနဲ့ ပြည်တွင်းလူထုအကြား ဆက်ဆံရေးတည်ဆောက်မှုတွေ ဖြစ်ပါတယ်။ ပြည်ပခေါင်းဆောင်နဲ့ပြည်တွင်းလူထုအကြား ဆက်ဆံရေးကတော့ မီဒီယာကိုအသုံးပြုပြီး တည်ဆောက်တာများပါတယ်။ ဒီနေရာမှာ လူထုကိုမဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေမပေးမိဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ယူဆချက်များကနေရတဲ့ လူထုကြီးရဲ့အခြေအနေကို သုံးသပ်ချက်စာတမ်းတွေအပေါ် အခြေခံပြီးမှ ကိုက်ညီမယ့် လိုက်လျောညီထွေရှိမယ့် သတင်းစကားကိုပေးနိုင်ဖို့လိုပါတယ်။

မဖြစ်နိုင်တာတွေကို ငါ့စကား နွားရ သွားပြောမိရင် လူထုကယုံကြည်မှုလျော့ပါးသွားပါတယ်။ ဒါဟာ အလွန်ကြီးမားတဲ့တော်လှန်ရေးအန္တရာယ်ပါဘဲ။ မဖြစ်နိုင်တဲ့မျှော်လင့်ချက်ကို သူတပါးကိုသွားပေးတာဟာ အဆိပ်သင့်စေနိုင်ပါတယ်။ မရှိဆင်းရဲသူကို မဟုတ်ကဟုတ်ကတွေရေးထားတဲ့ သိုက်စာသွားပေးတာနဲ့တူပါတယ်။ စားစရာမရှိဘူးဆိုမှ ရွှေဒင်္ဂါးရမယ်၊ ညသန်းခေါင်တောထဲသွားပြီး သိုက်သွားတူးလို့ဆိုတာမျိုးလိုပါဘဲ။ လူထုကိုမကူညီရင်နေပါ မနှောင့်ယှက်သင့်ပါ။

ကမ္ဘာ့အခြေအနေတွေကို ပြည်ပရောက်ပြီး မသိဘူးဆိုတာတွေက မဖြစ်နိုင်ပါ။ သံတမန်နည်းလမ်းတွေ မထိရောက်နိုင်ဘူးဆိုတာကလည်း စိတ်ဖောက်ပြန်နေတာမဟုတ်တဲ့ နိုင်ငံရေးသမားတိုင်း သိနိုင်ပါတယ်။ ဒါကို အမေရိကန်တပ်တွေကဘဲဝင်လာတော့မလိုလို ကုလသမဂ္ဂလုံခြုံရေးကောင်စီကြီးကဘဲ မြန်မာပြည်ကြီးကိုကယ်တင်တော့မလိုလို အိုင်စီစီကဘဲ စစ်အုပ်စုခေါင်းဆောင်တွေကို နေ့ချင်းညချင်း သေဒဏ်ပေးတော့မလို ပြောနေကြတာကမကောင်းပါ။

လူထုမှာလည်း မျှော်ရင်းမျှော်ရင်းနဲ့ အချိန်တန်လို့အော်သံတွေစဲသွားပြန်တော့ တော်လှန်ရေးမအောင်မြင်တာဘဲ လူထုကကြောက်နေလို့လိုလိုပြောရင်း နိဂုံးချုပ်သွားကြပြန်ပါတယ်။ မီဒီယာနဲ့မဟုတ်ဘဲ ယူဂျီ၊ ယူဂျီဆိုသူများကလည်း ယူဂျီအလုပ်ကိုတကယ်လုပ်ပြီး တည်ဆောက်တဲ့ ယူဂျီအုပ်စုထားရှိဖို့လိုပါတယ်။ သတင်းသမားယူဂျီနဲ့ တည်ဆောက်ရေးယူဂျီအသွင်သဏ္ဍာန်မှုပါ။ ကွဲကွဲပြားပြားရှိဖို့လိုပါတယ်။

အချိန်မတန်ဘဲ ကိုယ့်လူတွေပါမသွားအောင် အထူးဂရုစိုက်သင့်ပါတယ်။ ပြည်တွင်းခေါင်းဆောင်များနဲ့ လူထုအကြားဆက်ဆံရေးကတော့ တည်ဆောက်မှုအပိုင်း ယုံကြည်လေးစားမှုအပိုင်းတွေအပြင် အခြေအနေအချိန်အခါနဲ့အညီ လျှို့ဝှက်ဆက်ဆံရေးအပိုင်းတွေပါတာမို့ အကျယ်မချဲ့လိုတော့ပါ။ လူထုရဲ့အခြေအနေမှန်ကို မှန်မှန်ကန်ကန်အကဲဖြတ်နိုင်ဖို့ကသာ အရေးအကြီးဆုံးဖြစ်ပါတယ်။

နိဂုံးချုပ်ဆိုရင် တော်လှန်ရေးတခုမှာ အဆုံးသတ်အောင်ပွဲတွေအတွက် ခေါင်းဆောင်တွေအဓိကကျပါတယ်။ ခေါင်းဆောင်ဆိုတာမှာ ရှိပြီးသားခေါင်းဆောင်တွေပါဝင်သလို လှုပ်ရှားမှုမှာမှ ထွက်ပေါ်လာတဲ့အရေးတော်ပုံ ခေါင်းဆောင်တွေလည်းရှိပါတယ်။ အခုဆောင်းပါးကတော့ ရှိပြီးသားခေါင်းဆောင်တွေအနေနဲ့ လိုအပ်နေတဲ့ ဆက်ဆံရေးကွက်လပ်တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်လှပါကြောင်း လေးစားစွာတိုက်တွန်းခြင်းသာဖြစ်ပါတယ်။

# ထောင်ဒဏ်ကျနေသည့် လယ်သမားများအတွက် အယူခံတင်မည်

**DVB၊ ဒီဇင်ဘာ ၁။** ။ မကွေးတိုင်း အောင်လံမြို့နယ်မှာ အကျိုးစီးပွား ပျက်စီးမှု၊ မြေယာနင်းကျော်မှုနဲ့ အာဏာပိုင်တွေက တရားစွဲ ထောင်ဒဏ်ချမှတ်ထားတဲ့ လယ်သမား ၁၂ ဦးရဲ့အမှုအတွက် အယူခံတင်ဖို့ မိသားစုတွေက ကြိုးစားနေပါတယ်။

ဒီလို ကြိုးစားနေချိန်မှာပဲ သူတို့ရဲ့ ယာမြေပေါ်မှာ ရှေ့နှစ်အတွက် မစိုက်ပျိုးဖို့ အာဏာပိုင်တွေက တားဆီးပိတ်ပင်လိုက်ပါတယ်။ သရက်ထောင်မှာ အကျဉ်းကျနေတဲ့ ဦးသန်းစိုး၊ မမာမာအေးအပါအဝင် လယ်သမား ၁၂ ဦးရဲ့ သီးနှံတွေကို မိသားစုတွေ ဆွတ်ခူးခွင့်ပြုခဲ့ပေမယ့် နောက်ထပ် မစိုက်ဖို့မြို့နယ် အာဏာပိုင်တွေက ဒီလ ၁၈ ရက်မှာ ဆင့်ခေါ် သတိပေးခဲ့တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။ “တကယ်လို့ စိုက်ခဲ့မယ်ဆိုရင် ရှေ့နည်းအတိုင်း မင်းတို့ကို တရားစွဲ ထောင်ချမယ်တဲ့။”

၂၀၀၇ ခုနှစ်မှာ အောင်လံတောင်သူတွေကို ရုံးဆိပ် အမှတ် ၅ သကြားစက်က ကြံစိုက်ခိုင်းခဲ့ပြီး မစိုက်သူတွေရဲ့ လယ်ဧက ၂,၀၀၀ ကျော်ကို သိမ်းတဲ့အတွက် ၂၀၀၈ မှာ တောင်သူတွေက ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရန်ကုန်ရုံးခွဲကို တိုင်ကြားခဲ့ပါတယ်။ ILO ရုံးခွဲတာဝန်ခံနဲ့အတူ နေပြည်တော်က ဗိုလ်မှူးကြီးတဦးက အောင်လံကိုသွားရောက်ဖြေရှင်းပြီး လယ်လုပ်ခွင့်ပြန်ပေးဖို့ နှုတ်မိန့်ပေးခဲ့ပါတယ်။ ဒီနှုတ်မိန့်ကိုယုံပြီး အသိမ်းခံရတဲ့ယာမြေထဲမှာ စိုက်ပျိုးတဲ့သူတွေကို သကြားစက်နဲ့ မြေစာရင်းဌာနတို့က တရားစွဲခဲ့လို့ အောက်တိုဘာ ၁၆ ရက်မှာ အောင်လံတရားရုံးက ထောင်ဒဏ်အနည်းဆုံး ၃ လကနေ အများဆုံး ၅ နှစ်အထိ အသီးသီးချမှတ်လိုက်ပါတယ်။ မြေစာရင်းဦးစီးဌာနနဲ့ သကြားစက်ဝန်ထမ်းတွေက မဟုတ်မမှန်လုပ်ကြံကာ မြေပုံအတုတွေရေးဆွဲပြီး တိုင်ကြားခဲ့တာပါလို့ ထောင်ကျလယ်သမားတဦးရဲ့ မိသားစုဝင်က ပြောပါတယ်။

“သူတို့ အကွက်ကျကျနဲ့စီစဉ်ပြီး ထောင်ချချင်တယ်ပေ့ါ။ အဲဒီတော့ ကျန်တဲ့ မိသားစုတွေက ဒီယာမြေတွေကို လုပ်စားခွင့်မရှိရင် အကုန်လုံး ဒုက္ခတွေ၊ အငတ်ဘေးပြဿနာတွေ၊ ကြုံနေရမယ့် အတူတူ ကျနော်တို့ဘိုးဘွားပိုင် ကနဦးက လုပ်လာခဲ့တဲ့ မြေဖြစ်တယ်။ စတိဗ်မာရှယ်နဲ့ ဗိုလ်မှူးယုလွင်အောင်က လုပ်စားခွင့်ပြုခဲ့တဲ့ မြေလည်းဖြစ်တယ်။ ဒါကြောင့် လာမယ့် မိုးဦးကာလမှာ ကျနော်တို့က ထွန်ယက် စိုက်ပျိုးမယ်။ ဒါကိုမှ သူတို့က ထောင်ချချင်တယ်ဆိုရင် ကျနော်တို့က ထောင်ထဲဝင်ဖို့ အဆင်သင့် ပြင်ဆင်ထားတယ်။”

ဥပဒေကြောင်းအရ ILO ရန်ကုန်ရုံးခွဲတာဝန်ခံ စတိဗ်မာရှယ်နဲ့ အတူ အောင်လံကို သွားရောက်ခဲ့တဲ့ နေပြည်တော်အလုပ်သမားဝန်ကြီးဌာနက အရာရှိ ဗိုလ်မှူးကြီးယုလွင်အောင်က လယ်ယာမြေလုပ်ခွင့်ပေးထားပြီးဖြစ်လို့ ထွန်ယက်စိုက်ပျိုးသူတွေကို တရားစွဲတဲ့လုပ်ရပ်ကို ရှေ့နေဦးအောင်သိန်းက ဝေဖန်သုံးသပ်ပါတယ်။

“အလုပ်သမားဝန်ကြီးဌာန အဆင့်မြင့် အရာရှိကြီး ကိုယ်တိုင်က လယ်ယာတွေအသိမ်းခံရတဲ့ တောင်သူတွေဟာ မိမိတို့၏ လယ်ယာမြေကို လွတ်လွတ်လပ်လပ် ပြန်လည်လုပ်ကိုင်ခွင့် ရှိတယ်လို့ ၁၁ ရက် ၃ လ ၂၀၀၉ ရက်စွဲနဲ့ တောင်သူအများရှေ့မှာ ပြောကြားသွားတဲ့ စကားတရပ်ရှိတယ်။ ဒီမြေယာ ပြန်လုပ်ခွင့်မပြုတော့ဘူးဆိုရင် အခုတမျိုး နောက်တမျိုးလုပ်တယ်ဆိုတာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းတွေအနေနဲ့ ဖြစ်ကောင်းတဲ့ အရာတွေမှမဟုတ်ဘဲ။ ဖြစ်သင့်တာက စက်ရုံက သိမ်းထားတဲ့မြေဟာ စက်ရုံပိုင်မြေအဖြစ်နဲ့ ဒီလူတွေက သိတယ်။ တောင်သူတွေက စက်ရုံက အရာရှိတွေပါဝင်တဲ့ သူတွေကိုယ်တိုင် လုပ်ပိုင်ခွင့်ပြန်ပေးတယ်ဆိုရင် သူတို့မှာ ပြန်လုပ်ပိုင်ခွင့်ရှိတယ်လို့ သဘောရိုးနဲ့ ယုံကြည်လို့ ဝင်ရောက်လုပ်ကိုင်တာဟာ ပုဂ္ဂလိက ကျူးကျော်မှုတွေဖြစ်ပြီး တရားစွဲဆိုခိုင်းတာက အင်မတန်မှ မမှန်မကန်တဲ့ လုပ်ရပ်ဆိုတာ တွေ့ရပါတယ်။”

# မီးလောင်ပြာကျသွားတဲ့ မော်လမြိုင်အောက်ဈေးကြီး ပြန်လည်ဖွင့်လှစ်

**DVB၊ ဒီဇင်ဘာ ၂။** ။ မနှစ်ကမီးလောင်သွားတဲ့ မော်လမြိုင်မြို့အောက်ဈေးကြီးက ဈေးသည်တွေဟာ ပြန်လည်တည်ဆောက်ထားတဲ့ နှစ်ထပ်ဈေးသစ်ကြီးမှာ စတင်ရောင်းချနေကြပြီဖြစ်ပြီး ဆိုင်ခန်းဈေးတွေ သိန်းသုံးရာအထိ ပေါက်နေပါတယ်။

မော်လမြိုင်မြို့ရဲ့ အောက်လမ်းမကြီးပေါ်မှာရှိတာမို့ အောက်ဈေးကြီးလို့ လူသိများတဲ့ အမှတ် ၁ ဈေးကြီးနေရာမှာပဲ နှစ်ထပ်ဆောက်လုပ်ပြီး ဈေးသည်တွေကို ဆိုင်ခန်းချပေးလိုက်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာ ၁ ရက်မှာ လောင်ကျွမ်းခဲ့တဲ့ မီးဟာ ဈေးကြီးတခုလုံး ပြာကျစေခဲ့ပါတယ်။ မီးလောင် ချိန်က နေစရေတွက်ရင် တနှစ်တိတိကြာတဲ့အချိန်မှာ ဈေးပြန်ရောင်းခွင့်ပေးတာ ဖြစ်ပါတယ်။ ဒီဈေးကို ဈေးကော်မတီဝင်တဦးလည်းဖြစ် ဆိုင်ခန်းနေရာချထားရေးကော်မတီဝင်လည်းဖြစ်သူက ဆိုင်ခန်းပိုင်ရှင်တဦးကို သိန်း ၅၀ သွင်းခိုင်းပြီး ရောင်းချခွင့်ပေးတာလို့ ပြောပါတယ်။

“၁ ရက်နေ့မှာ ဈေးသူဈေးသားတွေကို ဖွင့်ခွင့်ပေးပါတယ်။ ဈေးဖွင့်ပွဲ အခမ်းအနားကို အကြမ်းဖျင်း ၆ ရက်နေ့လို့ ပြောထားပါတယ်။ ဆိုင်ခန်းတွေကတော့ အားလုံးပြီးသွားပါတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြင်ဆင်နေကြတာပေ့ါ။ ဆိုင်ခန်းတော်တော်များများ ထွက်တဲ့သူတွေက ထွက်၊ ပြင်တဲ့သူက ပြင်နေပါတယ်။ မူလ ဆိုင်ခန်းသမားတွေက သူ့ဆိုင်သူ ယူကြပါတယ်။”

အခု ၂ ထပ်ဈေးသစ်ကြီးမှာ မီးဘေးကြိုတင်ကာကွယ်တဲ့အနေနဲ့ ခေတ်မီ မီးသတ်ခန်း ၁၂ ခု ထည့်သွင်းထားတယ်လို့ သူကပြောပါတယ်။ လာမယ့် ၆ ရက်နေ့ကျရင် ဝန်ကြီးတဦးကိုယ်တိုင် အခမ်းအနားနဲ့ လာဖွင့်မယ်လို့ ဈေးသည်တွေအကြား သတင်းပျံ့နှံ့နေပါတယ်။ ဒီ ၂ ထပ်ဈေးသစ်ကြီးကို ရောဟသ်ာ ဆောက်လုပ်ရေးကုမ္ပဏီက ကန်ထရိုက်ရယူ ဆောက်လုပ်တာဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ နအဖအတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးရဲ့ သား ဗိုလ်ကြီးဟောင်း နိုင်လင်းဦး (ခေါ်) တေဇစောဦးက ပိုင်ဆိုင်တာဖြစ်ပါတယ်။ ၂ ထပ်ဈေးသစ်ကြီးမှာ မီးလောင်ခံရတဲ့ ဈေးသည်တိုင်းကို ၈ ပေ–၁၀ ပေ ခန်း တခန်းစီ သတ်မှတ်ပေးပြီး သိန်း ၅၀ သွင်းကြရပြီး အပြင်မှာ သိန်း ၃၀၀ ဝန်းကျင် ပေါက်တယ်လို့ ဈေးသည်တဦးက ပြောပါတယ်။

“သိန်း ၅၀ အကုန်လုံး သွင်းရပြီးတော့ မလောက်လို့လားမသိဘူး၊ သိန်း ၂၀ ထပ်ပေးရမယ်လို့ ဟိုတလောကကြားနေတယ်။ ပေးရဖို့က များနေတယ်။ ဈေးက မပြီးသေးဘူး။ ဈေးထဲကို နားလည်မှုနဲ့ လူတွေ ပေးဝင်နေတာ။ ဆိုင်ခန်း အရောင်းအဝယ်ဈေးတွေက မြင့်ကုန်ပြီ။ သိန်း ၃၀၀ ကျော်နေတယ်။”

ဈေးသစ်မှာ အောက်ထပ်ဟာ အလင်းရောင်နဲ့ လေဝင်လေထွက်အားနည်းတယ်လို့ သိရပါတယ်။ အစိုးရပိုင်သတင်းစာတွေမှာ မနှစ်ကမီးဘေးကြောင့် ၁,၁၂၄ ခန်း မီးလောင်ပြာကျတယ်လို့ဖော်ပြခဲ့ပါတယ်။ အခု ၂ ထပ် ဈေးသစ်မှာ ဆိုင်ခန်းပေါင်း ၁,၃၃၆ ခန်းရှိတာမို့ ပိုတဲ့ ဆိုင်ခန်း ၂ ရာကျော်ကို ရောဟသ်ာ ကုမ္ပဏီက ရယူတယ်လို့သိရပါတယ်။ ဒီဈေးကြီး ဘယ်ကနေစပြီး မီးလောင်တယ်ဆိုတာ အာဏာပိုင်တွေက ထုတ်ဖော်ပြောဆိုခြင်း မရှိသလို ဘာမှအရေးယူတာလည်း မတွေ့ရဘူးလို့ ဈေးသည်တွေက ပြောဆိုပါတယ်။ မီးလောင်စဉ်က ဈေးနားမလှမ်းမကမ်းက မွန်ပြည်နယ် မီးသတ်ဦးစီးဌာနက မီးသတ်ကားတွေလာပေမယ့် မီးသတ်ဖို့အမိန့်စောင့်နေတာကြာမြင့်မှုနဲ့ မကြည့်ရက်တဲ့ အနီးဝန်းကျင်က ဘုန်းတော်ကြီးကျောင်းတိုက်တွေက သံဃာတော်တွေရဲ့ မီးငြိမ်းသတ်ကူပံ့ကို ဒေသခံတွေအကြား ပြောစမှတ်ဖြစ်ခဲ့ပါတယ်။ ဒီဈေးကြီးဟာ ၁၉၇၆ ခုနှစ်တုန်းကလည်း အဲဒီနေရာမှာပဲ မီးလောင်ပြာကျဖူးပြီး ဒေသခံတွေအကြားမှာ မီးလောင်ပြင်ဈေးအဖြစ် လူသိများပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 434 Jun 21, 2009



# ကုလသမဂ္ဂ ဂမ်ဘာရီကို ဒါဖော်ဒေသ ငြိမ်းချမ်းရေးအတွက် တာဝန်ပေး

**DVB၊ ဒီဇင်ဘာ ၃။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ် နိုက်ဂျီးရီးယား သံတမန်မစ္စတာဂမ်ဘာရီကို ဆူဒန်နဲ့ ဒါဖော်ဒေသ ငြိမ်းချမ်းရေးအတွက် တာဝန်ပေးလိုက်တယ်လို့ ကုလသမဂ္ဂက သတင်းထုတ်ပြန်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အသစ်တဦးထပ်လိုနေတဲ့သဘော ဖြစ်လာနေပါတယ်။ မစ္စတာဂမ်ဘာရီဟာ အရင်ကိုယ်စားလှယ်ဟောင်း ရာဇာလီအစ္စမေးလ် တာဝန်ကနုတ်ထွက်တဲ့ ၂၀၀၄ ကတည်းက တာဝန်ယူလာသူဖြစ်တဲ့အတွက် ၅ နှစ် ကျော် မြန်မာ့အရေးကို ဆောင်ရွက်လာသူဖြစ်ပါတယ်။ သူဟာ ရာဇလီလောက် ဘာအောင်မြင်မှုမှ လက်ဆုပ်လက်ကိုင်ပြနိုင်သူ မဟုတ်ဘူးလို့ ဝေဖန်သူတွေက ဆိုပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက အောင်မြင်မှု ရမရဆိုတာ ဂမ်ဘာရီတဦးတည်းအပေါ် မူမတည်ဘဲ စစ်အစိုးရအပေါ်မှာ အများကြီးမူတည်နေတဲ့အတွက် သူ့အနေနဲ့ ဂမ်ဘာရီ ကို အပြစ်မမြင်ဘူးလို့ ပြောပါတယ်။

"ကုလသမဂ္ဂက သူ့ဟာသူ အစားထိုး၊ လိုအပ်တဲ့ဟာ လုပ်သွားမယ့်ကိစ္စပဲ၊ အများလိုချင်တဲ့အတိုင်း မဟုတ်တောင် ဂမ်ဘာရီလုပ်ခဲ့တဲ့ဟာမှာလည်း ကျနော့်အမြင်တော့ အကျိုးရှိသင့်သလောက်ရှိပါတယ်။ ကုလသမဂ္ဂကလည်း သူ့ဘောင်ထဲက လုပ်မှာပဲ။ ဒါကို ကျနော်တို့က သိပ်ပြီးတောင်းဆိုလို့ မရသလို၊ ဝေဖန်လို့လည်း မရဘူးထင်တယ်။ ယူအန်ရဲ့ သဘောထားတွေက ကမ္ဘာ့အဖွဲ့အစည်းအနေနဲ့ အမြဲတမ်းအရေးပါတာပေါ့။ ဒီအရေးပါတာ ထိရောက်မှု ရှိမရှိဆိုတာလက်ခံတဲ့ ကာယကံရှင်တွေအပေါ် မူတည်တယ်။ ကျနော်တို့ ယူအန်ရဲ့ လုပ်ငန်းကို လေးစားပါတယ်။"

အဖွဲ့ချုပ် အပါအဝင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီတွေ စုပေါင်းဖွဲ့ထားတဲ့ လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီ အတွင်းရေးမှူးလည်းဖြစ်၊ ရခိုင်အဖွဲ့ချုပ်အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးအေးသာအောင်က ဂမ်ဘာရီကို ဝေဖန်ပြီး နောက်ထပ်တာဝန်ယူမယ့်သူဟာ ဂမ်ဘာရီထက် ပိုလုပ်နိုင်တဲ့သူ ဖြစ်သင့်တယ်လို့ ထောက်ပြပါတယ်။

"ဂမ်ဘာရီ ကုလသမဂ္ဂကိုယ်စားလှယ်အနေနဲ့ အခေါက်ခေါက် အခါခါ ကြိုးပမ်းခဲ့တယ်။ ဒါပေမယ့် ကုလသမဂ္ဂဆုံးဖြတ်ထားတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဖြစ်မလာခဲ့ဘူး။ အဲဒီတော့ တိုတိုပြောမယ်ဆိုရင် အန်အယ်လ်ဒီ၊ တိုင်းရင်းသား၊ ပြီးတော့ နအဖ ဒီလို အဖွဲ့အစည်းတွေအနေနဲ့ တွေ့ဆုံဆွေးနွေးဖို့ လမ်းစပေါ်ကိုရောက်အောင် ဆောင်ကျဉ်းပေးနိုင်ခဲ့တာ မရှိဘူး။"

"နောက်လာမယ့် ကုလသမဂ္ဂ ကိုယ်စားလှယ်တွေအနေနဲ့ ကုလသမဂ္ဂက ပေးအပ်တဲ့တာဝန်၊ ကုလသမဂ္ဂက ဆုံးဖြတ်ထားတဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာ ထိထိရောက်ရောက် တွန်းတိုက်ဆောင်ရွက်မယ့် ပုဂ္ဂိုလ်မျိုးဆိုရင် ကောင်းပါတယ်။ ဒီလို မဟုတ်ဘဲ ရန်ကုန်ရောက်လာတဲ့အခါမှာ နအဖအာဏာပိုင်တွေက တိုက်တွန်းတာမျိုးကို တဘက်က အန်အယ်လ်ဒီအပါအဝင် တိုင်းရင်းသားတွေကို လိုက်လုပ်ဖို့ တိုက်တွန်းတာမျိုး အဲလို လုပ်ရုံနဲ့တော့ အဆင်မပြေဘူး။"

စီအာပီပီဟာ အခုသီတင်းပတ်အတွင်း ပုံမှန်အစည်းအဝေးကျင်းပဖို့ ပြင်ဆင်ထားပြီး ကုလသမဂ္ဂရဲ့အခန်းကဏ္ဍ အပါအဝင် လက်ရှိမြန်မာနိုင်ငံရေး အခြေအနေ၊ ဒေါ်အောင်ဆန်းစုကြည်အပါဝင် ဖမ်းဆီးခံစီအာပီပီအဖွဲ့ဝင်တွေရဲ့ အခြေအနေ၊ ၂၀၁၀ ရွေးကောက်ပွဲအပေါ်အမြင်စတာတွေ ဆွေးနွေးဖို့ပြင်ထားတယ်လို့ သိရပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER